စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၁၁/၂၀၂၃

**၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ သတင်းခေါင်းစဉ်များ**

**ပြည်တွင်းဈေးကွက်**

- မိုးနှောင်းအစ ဝါဈေးကျ
- ဘိုကလေးမြို့နယ်တွင် ဒေသထွက် ငါးရံ့ခြောက်များ ဈေးကောင်းရရှိနေ
- ပျားနာနတ်နှင့် ဘေဘီနာနတ်သီးများ ဈေးကွက်မှာ ရောင်းချမှုရှိလာ

**နိုင်ငံတကာဈေးကွက်**

- ဆန်တန်ချိန် ၁ ဒသမ ၅ သန်း ထပ်မံတင်သွင်းရန် အင်ဒိုနီးရှားအစိုးရက စီစဉ်လျက်ရှိ
- အင်ဒိုနီးရှားနိုင်ငံ၌ ဈေးနှုန်းများကျဆင်းရေးအတွက် ဆန်ရောင်းလိုအားမြှင့်တင်ရန် အစိုးရကစီစဉ်
- ၉ လအတွင်း ဆန်တန်ချိန် ၄ သိန်းခွဲကျော် ကမ္ဘောဒီးယားတင်ပို့
- ဩစတြေးလျပိုင်အပေါ် တရုတ်နိုင်ငံ၏ အကောက်ခွန်စည်းကြပ်ထားမှုအား ဖြေလျှော့ပေးနိုင်ရေး လုံးဝညှိနှိုင်းသွား မည်မဟုတ်ကြောင်းဩစတြေးလျမှ ပြောကြား
- ကမ္ဘာ့ထုတ်လုပ်မှုများကျဆင်းခဲ့မှုကြောင့် ၂၀၂၃ ခုနှစ်အတွက် ကုန်သွယ်ရေးတိုးတက်မှုကိုကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကလျှော့ချခန့်မှန်းထား
- ရုရှားတွင် လောင်စာဆီတင်ပို့မှုတားမြစ်ချက်ကြောင့် ပြည်တွင်းလက်လီဈေးနှုန်းများ ကျဆင်းခဲ့
- ဖိလစ်ပိုင်နိုင်ငံ၌ ဆန်ဈေးနှုန်း အမြင့်ဆုံးသတ်မှတ်ချက်ကို ရုပ်သိမ်းခဲ့
- ဂျာမနီ၏ စီးပွားရေးကျဆင်းမှုသည် ပိုမိုဆိုးရွားသည့်ဘက်သို့ ဦးတည်နေခဲ့ကြောင်း IMF က ပြောကြား
- အင်ဒိုနီးရှား စားအုန်းဆီကြမ်း futures exchange မူဝါဒ ပြောင်းလဲဖြေလျှော့
- ထိုင်းနိုင်ငံစက်မှုဝန်ကြီးဌာနကအရည်အသွေးမမီသောလူသုံးကုန်ပစ္စည်းများထိုင်းနိုင်ငံအတွင်းသို့တင်သွင်းလာခြင်းမရှိစေရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်
- အရောင်းအဝယ်နည်းပါးသဖြင့် အိန္ဒိယ၏ ကော်ဖီပို့ကုန်ကျဆင်း
- ရော်ဘာလုပ်ငန်းသည် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရ
- မလေးရှား၏ စားအုန်းဆီတင်ပို့မှု ကျဆင်းပြီး ၁၁ လအတွင်း ကုန်လက်ကျန် အမြင့်ဆုံးရောက်ရှိ
- အင်ဒိုနီးရှားနိုင်ငံ၌ အယ်လ်နီညိုကြောင့် သီးနှံများထိခိုက်မှုကိုအဆင့် သုံးဆင့်ဖြင့် ကာကွယ်မည်
- ဂျပန်နိုင်ငံမှ ရေထွက်ပစ္စည်းများတင်သွင်းမှုကို ရုရှားနိုင်ငံမှ ရပ်ဆိုင်းသွားမည်

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် မြန်မာ့ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု၊ ဈေးကွက်မြှင့်တင်မှုနှင့် စပ်လျဉ်းသည့် နည်းပညာပေးသင်တန်းဖွင့်ပွဲကျင်းပ
- ဈေးနှုန်းမြင့်၊ ဈေးကွက်ကောင်းနိုင်တဲ့ ထောပတ်သီးဈေးကွက်

**ပြည်ပကုန်သွယ်မှုသတင်း**

- ပြည်ပသို့ ဆန်တင်ပို့မှုလျော့ကျနေသော်လည်း G to G အစီအစဉ်များအပြင် တရုတ်၊ အီးယူဈေးကွက်နှင့် အာဆီယံ နိုင်ငံများကပါ မြန်မာ့ဆန်ဝယ်ယူမှု

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.org

တိုးမြှင့်လာကြောင်း သိရ

- ပြည်တွင်းဆန်ဈေးမြင့်တက်မှုကြောင့်ဆန်တင်ပို့မှုလျော့နည်းခြင်းဖြစ်ဟု မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် ဥက္ကဋ္ဌပြောကြား

**အထူးဆောင်းပါး**

- အယ်နီညို ရာသီဥတု၊ သဘာဝဘေးစိန်ခေါ်မှုများနှင့် မြန်မာ့ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု
- မြန်မာ့ပြောင်းဈေးကွက်များနှင့် ပြည်ပကုန်သွယ်မှုအခြေအနေ
- မြန်မာ့ဖရဲသီးနှင့် တရုတ်ဈေးကွက်
- အကောက်ခွန်အရာရှိများအား ကုန်သွယ်မှုအပေါ်အခြေခံသည့် ငွေကြေးခဝါချမှု (TBML)ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲပြုလုပ်
- အများပြည်သူသိရှိစေရန် ကြေညာချက်

**ကုန်သွယ်မှုအခြေအနေ၊**

**ကုန်စည်ဈေးနှုန်းများ**

# ပြည်တွင်းဈေးကွက်

## မိုးနှောင်းအစ ဝါဈေးကျ

မိုးနှောင်းအစ ပြည်တွင်းဝါဈေးနှုန်းများ အနည်းငယ်ကျသွားကြောင်း ဝါလုပ်ငန်းရှင် အသိုင်းအဝိုင်းမှ သိရသည်။ လက်ရှိ ဝါအထွက်နှုန်းများနေသည့်အပြင် မိုးရွာသွန်းမှုများနေခြင်းကြောင့် ဝါများစိုစွတ်မှုများရှိကာ ဈေးကျဆင်းနေခြင်းဖြစ်ကြောင်း လည်း သုံးသပ်ကြသည်။

"အခိက ကဝယ်လိုအား ရောင်းလိုအားပေါ့။ ဝါလည်း ပိုထွက်လာတယ်။ ဝါတွေမိုးရေစိုတော့ ဈေးကကျသွားတာလို့ ပြောလို့ရတယ်။ ဝါ မစိုရင် ဈေးမကျပါဘူး။ မိုးကြိုတုန်းက ၃၅၀၀ ကျပ်ထိရှိတယ်။ မိုးကြိုတုန်းက ပျော်ဘွယ်၊ သာစည်ဘက်ပဲ ရှိတာ၊ ဒီဘက်တွေ မထွက်သေးဘူး။ အခုက တစ်နိုင်ငံလုံးကို ထွက်လာတယ်" ဟု မန္တလေးမြို့၊ စက်မှုဇုန် ၁ မှ သီဟမျိုးဝါစက်၊ ဆီစက်နှင့် ဝါဂွမ်းရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ လက်ရှိဈေးကွက်တွင် ဝါခြောက်များကိုသာ အဓိကထား ဈေးပိုပေး၍ဝယ်ယူနေပြီး ပြည်တွင်း ဝါဈေးနှုန်းမှာ တက်လိုက် ကျလိုက်ဖြစ်နေကြောင်း ဝါလုပ်ငန်းရှင်းများအဖွဲ့မှ သိရသည်။

မိုးကြိုအစက ဝါ တစ်ပိဿာလျှင်ကျပ် ၃၅၀၀အထိ ရှိခဲ့ပြီး လက်ရှိ ဝါဈေးနှုန်းမှာ ဝါစိုနေပါက တစ်ပိဿာလျှင် ၂၈၀၀ ကျပ်မှ ၃၀၀၀ ကျပ်အထိ၊ ဝါခြောက်ပါက ၃၁၀၀ ကျပ်မှ ၃၂၀၀ ကျပ်အထိသာရှိကြောင်း ဈေးကွက်မှ စုံစမ်းသိရှိရပြီး ဒေသ တစ်ခုနှင့်တစ်ခု ဈေးနှုန်းများ အနိမ့်အမြင့်ကွာကာ အရောင်းအဝယ်ဖြစ်နေကြကြောင်း သိရသည်။ "ဝါဈေး လက်ရှိ ၃၀၀၀ ကျပ် ဝန်းကျင်လောက်ပဲဖြစ်နေမှာပါ။ ဈေးကွက်ကတော့ နည်းနည်းကျတယ်။ ဒါပေမဲ့ တက်လိုက်ကျလိုက်ပါပဲ" ဟု ဝါလုပ်ငန်းရှင် များအဖွဲ့မှ တာဝန်ရှိတစ်ဦးကပြောသည်။

လက်ရှိပေါက်ဈေးမှာ လုပ်ငန်းရှင်များအတွက် အကျိုးအမြတ်များများမရှိနိုင်ကြောင်း သိရပြီး စက်သမား များအနေဖြင့် စက်ခ ကျန်လောက်သာရှိကြောင်းနှင့် တောင်သူတွေအနေဖြင့်လည်း စိုက်စရိတ်ကြီးသည့်အတွက် အကျိုးအမြတ် သိပ်မကျန် ကြောင်းသိရသည်။

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ တင်ပို့သည့် ပို့ကုန်ပစ္စည်းများမှတစ်ဘက်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် အကောက်ခွန်သက်သာခွင့်အတွက် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ထုတ်ပေးသော ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ်ထုတ်ပေးလျက်ရှိ ရာ ဝါဂွမ်းတင်ပို့မှုအတွက် အများဆုံးထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလုံလောက်ပြီး ပြည်ပပို့ကုန်လျာထားချက်များ အောင်မြင်ရေးအတွက် စိုက်ကေတိုးချဲ့ဖို့ထက် အရည်အသွေး မီဝါများ တစ်ဧကအထွက်နှုန်းကောင်းရန်ကြိုးပမ်းနေကြောင်းနှင့် မျိုးကောင်းမျိုးသန့်များကောင်းစွာလွှမ်းခြုံနိုင်ရေးဌာနဆိုင်ရာ တာဝန်ရှိသူများက ပြည်ပစပ်မျိုးတင်သွင်းကုမ္ပဏီများအား ဆက်သွယ်ဖိတ်ခေါ်ကူညီပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း မြန်မာနိုင်ငံဝါနှင့်ဝါထွက်ပစ္စည်းလုပ်ငန်းရှင်းအသင်းမှ သိရသည်။ ဝါကို မိုးနှမ်းနှင့်အတူ ၅ လပိုင်းကျော် ၆ လပိုင်းခန့် တွင်စိုက် ကြကြောင်းလည်း သိရသည်။ Source: https://t.me/htwettoe

Source: https://myantrade.gov.mm/article/naypyitaw_18102023_1207

## ဘိုကလေးမြို့နယ်တွင် ဒေသထွက် ငါးရံ့ခြောက်များ ဈေးကောင်းရရှိနေ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် ဒေသထွက် ငါးရံ့ခြောက်များ ဈေးကောင်းရရှိနေကြောင်း ဘိုကလေးမြို့နယ် ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် တစ်ဦးကပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်မြို့နှင့် အခြားဒေသများက ဝယ်ယူမှု ကောင်းနေခြင်းကြောင့် ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဩဂုတ်လနှင့် စက်တင်ဘာလက ငါးရံ့ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ မှ ၄၂၀၀၀ ထိသာဈေးရှိခဲ့ပြီး လက်ရှိအောက်တိုဘာလအတွင်း ငါးရံ့ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ မှ ၇၄၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ငါးခြောက်မျိုးစုံကို ရန်ကုန်နဲ့အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ လက်ရှိဒေသထွက် ငါးရံ့ခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုကောင်းနေတဲ့အပြင် ဈေးကောင်းပါရလာတယ်။ ဈေးကတော့ ငါးရံ့ခြောက် အကြီးအသေးအပေါ်မူတည်တာပါ။ ငါးရံ့ခြောက်အသေးဆုံးက တစ်ပိဿာကို ငွေကျပ် ၂၅၀၀၀ နဲ့ အကြီးက ငွေကျပ် ၇၄၀၀၀ ထိ ဈေးပေါက်နေတာပါ။ လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ငါးရံ့ခြောက်တွေကတော့ လက်ကျန် ငါးရံ့ခြောက်တွေပါ။ လာမဲ့နိုဝင်ဘာလ ကနေစတင်ပြီး ငါးရံ့ခြောက်အသစ်တွေ ထုတ်လုပ် တော့မှာပါ။ အခုလို ဈေးလဲကောင်းအရောင်းအဝယ်လဲ သွက်လက်လာတာကြောင့် ကုန်သည်တွေနဲ့ ငါးခြောက် သိုလှောင်ထားသူတွေအဆင်ပြေပါတယ်"ဟု ဘိုကလေးမြို့နယ် ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် တစ်ဦးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် ငါးရံ့ခြောက်များကို ရန်ကုန်မြို့သို့ တစ်ပတ်လျှင် ငါးရံ့ခြောက်ပိဿာချိန် ၁၀၀ မှ ၂၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း၊ အဆိုပါ ဒေသထွက်ငါးရံ့ခြောက်များကို ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ စသည့် နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ၎င်းကဆက်လက်ပြောပြ၍ သိရသည်။ Source: ရတနာပုံသတင်းစာ

Source: https://myantrade.gov.mm/article/naypyitaw_27102023_1005

## ပျားနာနတ်နှင့် ဘေဘီနာနတ်သီးများ ဈေးကွက်မှာ ရောင်းချမှုရှိလာ

ပြည်မြို့၏သစ်သီးဝလံဈေးကွက်တွင် အသီးမျိုးစုံရောင်းဝယ်မှုဖြစ်လျက်ရှိရာ နဂါးမောက်သီး၊ လိမ္မော်သီး၊ ပန်းသစ်တော်သီး၊ ပန်းသီး စသည်ဖြင့် အသီးမျိုးစုံ နေ့စဉ်ရောင်းဝယ်နေကြသည်ကို တွေ့ရပါသည်။ နာနတ်သီးသည်လည်း ဇူလိုင်၊ ဩဂုတ်လများအတွင်း အဝင်များသလို လမ်းဘေး အသီးဆိုင်များတွင် အများအပြား အရောင်းအဝယ်ဖြစ်ခဲ့ ကြသည်။ ယခုအခါ နာနတ်သီးရောင်းချမှုအနေဖြင့် ယခင်လများကဲ့သို့ ရောင်းဝယ်မှု မများတော့သော်လည်း ဈေးကွက်အတွင်းတွင် ရောင်းဝယ်မှု ဖြစ်လျက် ရှိနေခဲ့သည်။

ယခုအခါ ဈေးကွက်အတွင်း ရောင်းချမှုဖြစ်နေသော နာနတ်သီးများမှာ သီပေါဘက်မှ ဝင်ရောက်လာသည့် ပျားနာနတ် အမျိုးအစားနှင့် ထိုင်းဖက်မှ ဝင်ရောက်လာသည့် ဘေဘီနာနတ်သီးလေးများ ONLINE ဈေးကွက်မှာပါ ရောင်းဝယ်နေကြသည်ကို တွေ့ရသည်။ နာနတ်သီးပေါများချိန်ကာလက နာနတ်သီး အရွယ်အစားပေါ်မူတည်၍ ၂၀၀၀ ကျပ်မှ ၅၀၀၀ ကျပ်ထိ ရောင်းချကြပြီး ယခုကာလ ဝင်ရောက် လာသော ပျားနာနတ်သီးများမှာ အထွက်လိုင်ချိန်က နာနတ်သီး အမျိုးအစားကဲ့သို့ အရွယ်အစား သိသိသာသာ ကြီးမားခြင်းမျိုးမရှိဘဲ ပုံမှန်ရောင်းတန်းဝင် အလုံးအမျိုးအစားရှိကြ၏။ ပျားနာနတ်မှာ တစ်လုံး ၁၅၀၀ ကျပ်မှ ၂၀၀၀ ကျပ်ဖြင့်ရောင်းချကြကြောင်း၊ ဘေဘီနာနတ်သီး အမျိုးအစားမှာ ကီလိုဖြင့်ရောင်းချကြသောကြောင့် တစ်ကီလို ၁၀၀၀၀ ကျပ်၊ ကီလိုဝက် အထုပ်လေးများထုပ်၍ ရောင်းချမှုရှိကြကာ တစ်ထုပ် ၅၀၀၀ ကျပ်ဖြင့် ဝယ်ယူစားသုံးကြရကြောင်း သိရသည်။

Source: https://www.doca.gov.mm

https://myantrade.gov.mm/article/naypyitaw_26102023_306

# နိုင်ငံတကာဈေးကွက်

## ဆန်တန်ချိန် ၁ ဒသမ ၅ သန်း ထပ်မံတင်သွင်းရန် အင်ဒိုနီးရှားအစိုးရက စီစဉ်လျက်ရှိ

အင်ဒိုနီးရှားနိုင်ငံတွင် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် စပါးများရိတ်သိမ်းထွက်ရှိမှု လျော့နည်းမည့် အခြေအနေအရ နောက်ထပ် ဆန်တန်ချိန် ၁ ဒသမ ၅ သန်းကို ထပ်မံတင်သွင်းရန် လိုအပ်လျက်ရှိကြောင်း သမ္မတဂျိုကိုဝီဒိုဒိုက ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်၊ တနင်္ဂနွေနေ့၌ သတင်းထုတ်ပြန်ရာတွင် ပြောကြားခဲ့သည်။

ယခုနှစ်၏ ဒုတိယမြောက် သီးနှံစိုက်ပျိုးရာသီအတွင်း အနောက်ဂျာဗားပြည်နယ်၊ Subang ဒေသရှိ စပါးစိုက်ခင်းများသို့ သွားရောက်လေ့လာခဲ့သည့် ခရီးစဉ်အပြီးတွင် ဆန်ထပ်မံတင်သွင်းခွင့်ပြုရန် အင်ဒိုနီးရှား သမ္မတကဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အရန်ဆန် တန်ချိန် ၂ သန်းကို ပြည်ပမှဝယ်ယူဖြည့်ဆည်းရန် အတွက် အင်ဒိုနီးရှားအစိုးရသည် နိုင်ငံပိုင်ထောက်ပံ့ပို့ဆောင်ရေးအေဂျင်စီဖြစ်သော Bulog အဖွဲ့အစည်းသို့ ၂၀၂၃ ခုနှစ် အစောပိုင်းကာလတွင် တာဝန်ပေးအပ်ခဲ့ကြောင်း၊ လက်ရှိကာလတွင် နိုင်ငံတော်အရန်ဆန်အား တန်ချိန် ၁ ဒသမ ၇ သန်းအထိ စုဆောင်းထားရှိပြီးဖြစ်ကြောင်း၊ သို့သော် ၎င်းပမာဏသည်

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ပြည်တွင်း၌ ဆန်စပါးထုတ်လုပ်မှုအပေါ် ထိခိုက်မှုကိုကုစားရန်လုံလောက်ခြင်းမရှိဟု သမ္မတ ဂျိုကိုဝီဒိုဒိုက ပြောကြားခဲ့ကြောင်း၊ Bulog အဖွဲ့သည် ဆန်တန်ချိန် ၂ သန်းကို ယခုနှစ် နိုဝင်ဘာလအတွင်း အပြည့်အဝ ဖြည့်ဆည်း နိုင်မည်ဟု ခန့်မှန်းရကြောင်းဖြင့် Jakarta Post သတင်းဌာနက ဖော်ပြသည်။

အင်ဒိုနီးရှား ခေတ္တစိုက်ပျိုးရေးဝန်ကြီး Arief Prasetyo Adi က အဆိုပါ ဆန်တန်ချိန် ၁ ဒသမ ၅ သန်းကို ထပ်မံဝယ်ယူ တင်သွင်းရန်အတွက် အစိုးရ၏အုပ်ချုပ်စီမံမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ဗီယက်နမ်နှင့် ထိုင်း နိုင်ငံတို့ထံမှ ဆန်များကို အဓိကတင်သွင်းမည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားအနေဖြင့် ပြည်ပမှ ဆန်များကို အစဉ်တစိုက် ဝယ်ယူရန် မရှိဘဲ ယခုကဲ့သို့ တင်သွင်းခွင့်ပြုခြင်းမှာ အရေးပေါ်အစီအမံသာ ဖြစ်ကြောင်း၊ သင်္ဘောတင်ပို့ရန် အချိန်ကန့်သတ်ချက်ရှိမှုအရ Bulog အဖွဲ့အနေဖြင့် ထပ်တိုးမည့် ဆန်တန်ချိန် ၁ ဒသမ ၅ သန်းကို ဒီဇင်ဘာလကုန်အပြီး တင်သွင်းနိုင်ဖွယ်မရှိကြောင်းဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် နေ့တွင် ပြောကြားခဲ့သည်။

Bulog အဖွဲ့မှ အရာရှိတစ်ဦးဖြစ်သော Epi Sulandari က ၉-၁၀-၂၀၂၃ နေ့၌ CNBC Indonesia သတင်းဌာနသို့ ပြောဆိုချက်အရ ၂၉-၉-၂၀၂၃ နေ့အထိ Bulog အဖွဲ့သည် ဆန်တန်ချိန် ၁ ဒသမ ၆၃ သန်းကို တင်သွင်းထားရှိပြီး တန်ချိန် ၄၇၁၈၂၆ တန်သည် လမ်းခုလတ်တွင် ရောက်ရှိနေဆဲ ဖြစ်ကြောင်း သိရှိရသည်။

သြဂုတ်လ ၃၀ ရက်နေ့၌ ကျင်းပခဲ့သော လွှတ်တော်အစည်းအဝေးတစ်ရပ်တွင် အယ်လ်နီညိုဖြစ်စဉ်သည် အသင့်အတင့် အားကောင်းမှုရှိပါက အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ယခုနှစ်သီးနှံရာသီ၌ ဆန်တန်ချိန် ၃၈၀၀၀၀ ခန့် အထွက်ပမာဏ လျော့နည်း နိုင်မည်ဟု အင်ဒိုနီးရှားစိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းချက်တင်ပြခဲ့သည်။ သို့ရာတွင် အယ်လ်နီညိုဖြစ်စဉ်သည် အားကောင်း သည့်အဆင့်ရှိပါက နိုင်ငံတစ်ဝန်းလုံး၌ ဆန်ထွက်ရှိမှုမှာ တန်ချိန် ၁ ဒသမ ၂ သန်းခန့်လျော့ကျမှုရှိနိုင်ကြောင်း ယခင်စိုက်ပျိုးရေး ဝန်ကြီး Syahrul Yasin Limpo က ပြောကြားထားသည်။

ကမ္ဘာတစ်ဝန်း၌ မိုးလေဝသအေဂျင်စီများစွာက ယခုနှစ်တွင် အားကောင်းသည့် အယ်လ်နီညိုဖြစ်စဉ်ပေါ်ပေါက်မည် ဖြစ်ကြောင်း ခန့်မှန်းလျက်ရှိသော်လည်း အင်ဒိုနီးရှား မိုးလေဝသ၊ ရာသီဥတုနှင့် ရူပ ပထဝီရေးရာဌာနမှ ပြောရေးဆိုခွင့်ရှိသူ Supari က အင်ဒိုနီးရှားနိုင်ငံ၌ မိုးရာသီကာလဖြစ်သော ဒီဇင်ဘာလမှ ဖေဖော်ဝါရီလတွင်း အားကောင်းသည့် အယ်လ်နီညို ဖြစ်စဉ်ကို ကာလတိုတောင်းစွာ ကြုံတွေ့ရဖွယ်ရှိသဖြင့် သက်ရောက်မှုလျော့ပါး နိုင်ကြောင်း ပြောကြားခဲ့သည်။

Source: Jakarta Post, 9 Oct 2023 **(လယ်ယာထွက်ကုန်များနှင့်အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့် လေ့လာရေးအဖွဲ့)**, source: https://www.doca.gov.mm/my/node/14147

Source:https://myantrade.gov.mm/article/Naypyitaw_12102023_154

## အင်ဒိုနီးရှားနိုင်ငံ၌ ဈေးနှုန်းများကျဆင်းရေးအတွက် ဆန်ရောင်းလိုအားမြှင့်တင်ရန် အစိုးရကစီစဉ်

စပါးဈေး မြင့်တက်မှုနှင့် စားသုံးကုန်ဈေးနှုန်းများ မြင့်တက်မှုကို လျော့ချရန်အတွက် အစိုးရအနေဖြင့် ပြည်တွင်းဈေး ကွက်တွင် ဆန်ရောင်းလိုအားအပိုင်းကို မြှင့်တင်ရန်လုပ်ဆောင်နေကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ပြောကြားခဲ့သည်။

စပါးဈေးနှုန်းများ မြင့်တက်လာမှုအပေါ် လယ်သမားများက ပျော်ရွှင်ကျေနပ်မှုရှိနေသော်လည်း စားသုံးသူများအတွက် မှာမူ မပြေလည်မှုများ ဖြစ်ပေါ်နေသည်ဟု အနောက်ဂျာဗားပြည်နယ်ရှိ ဆူဘန်ဒေသတွင် စပါးရိတ်သိမ်းမှုအား စစ်ဆေးစဉ် သမ္မတ ဂျိုကိုဝီဒိုဒိုက ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သမ္မတရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

အင်ဒိုနီးရှားစာရင်းအင်းဌာန၏ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအချက်အလက်များအရ ကြိတ်ခွဲရန်အသင့် အခြောက်လှန်း ပြီး စပါးဈေးနှုန်းသည် တစ်ကီလိုဂရမ်လျှင် ၇၃၈၆ အင်ဒိုနီးရှားရူပီး (အမေရိကန် ဒေါ်လာ ၀ ဒသမ ၄၇) ရှိပြီး သြဂုတ်လ၌ တစ်ကီလိုဂရမ်လျှင် ရူပီး ၆၇၆၀ ဖြစ်ရာ ၉ ဒသမ ၃ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

လက်ရှိ စပါးဈေးနှုန်းများ အဆမတန်မြင့်တက်လာခြင်းကြောင့် ပြည်တွင်းဈေးကွက်တွင် ဆန်ဈေးနှုန်းများ မြင့်တက် လာမည့်အခြေအနေကို မျှော်မှန်းထားရန် လိုအပ်ကြောင်း၊ ဆန်ဈေးနှုန်းများ ကျဆင်းစေရေးအတွက် ဈေးကွက်အတွင်း ဆန်အမြောက်အမြားကို ပေးသွင်းခြင်းဖြင့် ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ ဂျကာတာမြို့ရှိ Cipinang ဆန်လက်ကားဈေးကွက် တွင် အဆိုပါနည်းဗျူဟာသည် ဆန်ဈေးနှုန်း ကျဆင်းစေရေးအတွက် ထိရောက်မှုရှိကြောင်း၊ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဆန်စပါးထုတ်လုပ်မှု လျော့ကျသော်လည်း အရန်ဆန်များ လုံလောက်စွာထားရှိခြင်းကြောင့် ပြဿနာမရှိနိုင်ပါကြောင်း သမ္မတ ဂျိုကိုဝီက ပြောကြားခဲ့သည်။ Source: Antara News, 8 Oct 2023 **(လယ်ယာထွက်ကုန်များနှင့်အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့)**, Source:https://www.doca.gov.mm/my/node/14261

Source:https://myantrade.gov.mm/article/Naypyitaw_18102023_229

## ၉ လအတွင်း ဆန်တန်ချိန် ၄ သိန်းခွဲကျော် ကမ္ဘောဒီးယားတင်ပို့

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ် ပထမ ၉ လအတွင်း နိုင်ငံပေါင်း ၅၇ နိုင်ငံသို့ ဆန် ၄၅၆၅၈၁ တန် တင်ပို့ခဲ့ပြီး စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၃၂၇ ဒသမ ၄ သန်းရရှိခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ဆန်ဝယ်ယူသည့် ထိပ်တန်းနိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိကြောင်း ကမ္ဘောဒီးယား ဆန်စပါးအသင်းချုပ် (CRF) ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယား၏ ပြည်ပတင်ပို့သည့် ဆန်အမျိုးအစားများတွင် ဆန်မွှေး၊ အော်ဂဲနစ်ဆန်၊ ဆန်ဖြူ ပေါင်းဆန်နှင့် ဂျပွန်နီကာဆန်များ ပါဝင်သည်။ CRF ၏ အထွေထွေအတွင်းရေးမှူးချုပ် Lun Yeng က အစိုးရ အဖွဲ့သစ်၏ ဆန်တင်ပို့မှု မြှင့်တင်ရန် ကြိုးပမ်းအားထုတ်မှုများနှင့်အတူ ဆန်စပါးဈေးကွက်သစ်များကို ဖွင့်လှစ် တင်ပို့နိုင်ခဲ့ကြောင်း Khmer Times သို့ ပြောကြားခဲ့သည်။ CRF သည် ၂၀၂၃ ခုနှစ်တွင် ဆန်တန်ချိန် ၇၀၀၀၀၀ တင်ပို့နိုင်ရေး ရည်မှန်းချက် ချမှတ်ထားပြီး တရုတ်နိုင်ငံသည် ကြီးမားသော ဈေးကွက်တစ်ခု ဖြစ်သည်ဟုဆိုသည်။

ကမ္ဘောဒီးယားနိုင်ငံသည် တစ်နှစ်လျှင် ဆန်တန်ချိန် ၂၅၀၀၀၀ တင်ပို့ရန် အင်ဒိုနီးရှားနိုင်ငံနှင့် ဆန်ကုန်သွယ်ရေး သဘောတူစာချုပ်ကို စက်တင်ဘာလတွင် ချုပ်ဆိုခဲ့ပြီး လာမည့်နှစ်မှစတင်၍ တင်ပို့မည်ဖြစ်သည်။ ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံသည် ဇူလိုင်လတွင် ဖိလစ်ပိုင်ဈေးကွက်သို့ ပထမဆုံးအကြိမ် ဆန်တင်ပို့နိုင်ခဲ့သည်။

Source: Khmer Times, 9 Oct 2023 **(လယ်ယာထွက်ကုန်များနှင့်အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source:**https://www.doca.gov.mm/my/node/14260

Source: [https://myantrade.gov.mm/article/Naypyitaw_18102023_203](https://myantrade.gov.mm/article/Naypyitaw_18102023_203)

## သြစတြေးလျပိုင်အပေါ် တရုတ်နိုင်ငံ၏ အကောက်ခွန်စည်းကြပ်ထားမှုအား တာဝန်ရှိသူများက ဖြေလျှော့ပေးနိုင်ရေး လုံးဝညှိနှိုင်းသွားမည်မဟုတ်ကြောင်းသြစတြေးလျမှ ပြောကြား

သြစတြေးလျပိုင်အပေါ် တရုတ်နိုင်ငံ၏ အကောက်ခွန်စည်းကြပ်ထားမှုအား ဖြေလျှော့ပေးမည်ဆိုပါက တရုတ်နိုင်ငံ၏ လေတာဘိုင်များ၊ မီးရထားဘီးများနှင့် စတီးလ်ဘေစင်များအပေါ်ပိုမိုသက်သာသော အကောက်ခွန်နှုန်းထားများချမှတ်ပေးရန် တရုတ်မှ အဆိုပြုထားသည်ဆိုသည့် သတင်းထွက်ပေါ်နေခြင်းအပေါ် လုံးဝညှိနှိုင်းသွားမည်မဟုတ်ကြောင်း သြစတြေးလျဘက်က ပြောကြားခဲ့သည်။

စိုက်ပျိုးရေး ၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီး Murray Watt က သြစတြေးလျအစိုးရအနေဖြင့် အဆိုပါ ကိစ္စရပ်အပေါ် "လုံးဝသီးခြားကိစ္စများ"အဖြစ် မှတ်ယူထားသော်လည်း ဆွေးနွေးမှုမှတဆင့် ကျန်ရှိနေသော ကုန်သွယ်မှုပြဿနာများကို ဖြေရှင်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့သော် သြစတြေးလျပိုင်အပေါ် တရုတ်မှ အကောက်ခွန်နှုန်းထား ၂၁၂ ရာခိုင်နှုန်းအထိ စည်းကြပ်မှု အပေါ်တွင်မူ သြစတြေးလျအစိုးရသည် ဆန့်ကျင်ကြောင်းနှင့် ယင်းတို့ကိုဖယ်ရှားပေးရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် ဆက်လက်ဖိအားပေးလျက်ရှိသည်ကို တွေ့ရှိရသည်။

သြစတြေးလျမှယောစပါးနှင့်ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ ဖြစ်ပွားနေသော သြစတြေးလျ-တရုတ် အငြင်းပွားမှုကို သြစတြေးလျဘက်မှ သြဂုတ်လတွင် ရပ်စဲလိုက်ခြင်းကြောင့် တရုတ်နိုင်ငံက သြစတြေးလျ မုယောစပါးအပေါ် အကောက်ခွန်စည်းကြပ်မှုကို ဖယ်ရှားပေးသွားမည် ဖြစ်ကြောင်းကြေညာခဲ့သည်။ ဖော်ပြပါအငြင်းပွားမှုကို ပြီးဆုံးစေရန်အတွက် တရုတ်အစိုးရက အတွဲလိုက်ကမ်းလှမ်းချက် (Package Deal) တစ်ခု အဆိုပြုတင်သွင်းခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက တရုတ်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ He Yadong အား ကိုးကား၍ ပြောကြားခဲ့သည်။

တရုတ်အစိုးရပြောရေးဆိုခွင့်ရှိသူက နှစ်နိုင်ငံလုံးအနေဖြင့် တစ်ဖက်၏အရေးကိစ္စများကို ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း၊ သြစတြေးလျ Anti-dumping ကော်မရှင်၏ တရုတ်နိုင်ငံလေတာဘိုင်များ၊ မီးရထားဘီးများနှင့် စတီးလ်ဘေစင်များအပေါ် ဆုံးဖြတ်ချက်လည်း ပါဝင်ကြောင်း ပြောကြားခဲ့သည်။

သို့သော် အဆိုပါကမ်းလှမ်းမှုအပေါ် သြစတြေးလျအစိုးရကို မေးမြန်းကြည့်ရာ " တရုတ်နှင့် ဆက်ဆံရေး ပြေလည်မှုက မုယောစပါး၊ သစ်သီးဝလံပန်းမန်၊ ဝါစိုက်ပျိုးသည့် လယ်သမားများနှင့် အခြားဒေသရှိ လယ်သမားများအတွက် အမြတ်များ ပေးဆောင်နိုင်ခဲ့ကြောင်း၊ သို့သော်လည်း မုယောစပါးအငြင်းပွားမှုကို ဆွေးနွေးညှိနှိုင်းမှုမှတဆင့် ဖြေရှင်းခဲ့သည့် နည်းလမ်း အတိုင်း ဝိုင်ကိုဖြေရှင်းရန် ကျန်ရှိနေသေးကြောင်း၊ ဝိုင်အပေါ် တရုတ်၏ anti-dumping အကောက်ခွန်နှုန်းစည်းကြပ်မှုနှင့် ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ အကောက်ခွန်နှုန်းမသတ်မှတ်ခဲ့ မီက သြစတြေးလျပိုင် ကုန်သွယ်မှုတန်ဖိုးသည် ၁ ဘီလီယံထိ ရရှိခဲ့သော်လည်း ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၆ သန်းထိ

ကျဆင်းခဲ့သဖြင့် အရေးကြီးကိစ္စဖြစ်ကြောင်း၊ ထို့ကြောင့် တရုတ်၏ကုန်စည်အတွဲလိုက်အပေါ် သက်သာသော အကောက်ခွန်နှုန်းများ ကောက်ခံရေး ကမ်းလှမ်းမှုကို လုံးဝလက်ခံသွားမည်မဟုတ်ကြောင်း ” ပြောကြားခဲ့သည်။

ဝိုင်အငြင်းပွားမှုကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ သံမဏိနှင့်ပတ်သက်သည့် အငြင်းပွားမှုကိုဆက်လက်ခုခံကာကွယ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ အငြင်းပွားမှုများကို ဆွေးနွေးညှိနှိုင်းပြီး ဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ၂၀၂၀ ခုနှစ် က နှစ်နိုင်ငံကြား အဆင်မပြေခဲ့သည့် ဆက်ဆံရေးကို တည်ငြိမ်စေရန်အတွက် ဝန်ကြီးချုပ် Anthony Albanese သည် စက်တင်ဘာလ အစောပိုင်း ကာလတွင်တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်းကို ဝန်ကြီး Murray Watt က ပြောကြားခဲ့သည်။

Source: https://www.theguardian.com/australia-news/2023/sep/24/australian-government-says-yeah-no-to-deal-with-china-to-drop-wine-tariffs

Source:https://www.commerce.gov.mm/my/article/update-news-international-trade/

## ကမ္ဘာ့ထုတ်လုပ်မှုများကျဆင်းခဲ့မှုကြောင့် ၂၀၂၃ ခုနှစ်အတွက် ကုန်သွယ်ရေးတိုးတက်မှုကို ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ကလျှော့ချခန့်မှန်းထား

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော “ ကမ္ဘာ့ကုန်သွယ်မှု အလားအလာနှင့် စာရင်းအင်းများ ” အစီရင်ခံစာအရ၂၀၂၂ခုနှစ် စတုတ္ထသုံးလပတ်က စတင်ကျဆင်းခဲ့သော ကမ္ဘာ့ကုန်စည် ကုန်သွယ်မှုကြောင့် ၂၀၂၃ ခုနှစ်အတွက် ကမ္ဘာ့ကုန်သွယ်ရေး တိုးတက်မှုကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ စီးပွားရေးပညာရှင်များက လျှော့ချခန့်မှန်းထားသည်။

ကမ္ဘာ့ကုန်စည်ကုန်သွယ်မှုပမာဏသည် ယခုနှစ်တွင် သုည ဒသမ ၈ ရာခိုင်နှုန်းတိုးတက်မည်ဟု မျှော်မှန်းထားပြီး ပြီးခဲ့သည့်ဧပြီလခန့်မှန်းချက် ၁ ဒသမ ၇ ရာခိုင်နှုန်းထက် ထက်ဝက်လျော့နည်းခဲ့ပါသည်။ ၂၀၂၄ ခုနှစ် အတွက် တိုးတက်မှု ခန့်မှန်းချက် ၃ ဒသမ ၃ ရာခိုင်နှုန်းကမူ ပြောင်းလဲခြင်းမရှိပါ။ ကမ္ဘာ့ပြည်တွင်း အသားတင်ထုတ်လုပ်မှု (GDP) သည် ၂၀၂၃ ခုနှစ် တွင် ၂ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး ၂၀၂၄ ခု နှစ်တွင် ၂ ဒသမ ၅ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းထားသည်။

၂၀၂၂ ခုနှစ်၊ စတုတ္ထသုံးလပတ်မှစ၍ ကမ္ဘာ့ကုန်သွယ်မှုနှင့် ထုတ်လုပ်မှုကျဆင်းခြင်းသည် အမေရိကန်၊ အီးယူနှင့် အခြားကမ္ဘာ့နိုင်ငံများ၏ ငွေကြေးဖောင်းပွမှု၊ တင်းကြပ်သော ငွေကြေးမူဝါဒများ၊ ကိုဗစ် ၁၉ ရောဂါမှ နလန်ထူခါစ တရုတ်နိုင်ငံ၏ အိမ်ခြံမြေဈေး ကွက်တင်းမာမှုတို့ကြောင့်ဖြစ်ပြီး ယူကရိန်းစစ်ပွဲ၏ အကျိုးဆက် များကလည်း ကုန်သွယ်မှုအလားအလာများကို ဝေဝါးစေပါသည်။ ကုန်သွယ်မှုကျဆင်းရခြင်းသည် ကျယ်ပြန့်ပြီး နိုင်ငံနှင့်ကုန်စည်အများအပြားနှင့် သက်ဆိုင်နေပါသည်။ ကမ္ဘာ့ GDP တိုးတက်မှုနှုန်းသည် နှေးကွေးသော်လည်း ယခုအတိုင်းတည်ငြိမ်စွာတိုးတက်ပါက လာမည့်နှစ်တွင် ကုန်သွယ်မှုတိုးတက်လာမည်ဖြစ်သည်။ ငွေကြေးဖောင်းပွမှုကိုထိန်းချုပ်ပြီး အတိုးနှုန်းများကျလာသည်နှင့်အမျှ အရေးကြီးသော စီးပွားရေးလုပ်ငန်းများတည်ငြိမ်စွာလည်ပတ်ပြီးပြန်လည်အားကောင်းလာမည်ဖြစ်သည်။ သို့သော်ရောင်းလိုအားကွင်းဆက် ပြတ်တောက်မှုများက ၂၀၂၄ ခုနှစ်အတွက် အလားအလာကောင်းများကိုခြိမ်းခြောက်နေသည်။ ဥပမာ- ကမ္ဘာ့ကုန်သွယ်မှုတွင်ကြား အဆင့်ကုန်စည်(Intermediate Goods) ပါဝင်မှုသည် ပြီးခဲ့သည့်သုံးနှစ်အတွင်း ၅၁ ရာခိုင်နှုန်းရှိသော်လည်း ၂၀၂၃ ခုနှစ် ပထမနှစ်ဝက်တွင် ၄၈ ဒသမ ၅ ရာခိုင်နှုန်းသို့ကျဆင်းသွားသည်။ ထို့ပြင် အာရှနှင့်အမေရိကန် ကုန်သွယ်မှုတွင် ကြားအဆင့်ကုန်စည်များပါဝင်မှုသည် ၂၀၂၂ ခုနှစ်က ၄၃ ရာခိုင်နှုန်းရှိခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင်၃၈ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် Ngozi Okonjo-Iweala က၂၀၂၃ ခုနှစ်အတွက် ကုန်သွယ်မှုနှေးကွေးမည်ဟု ခန့်မှန်းချက်သည် ကမ္ဘာ့လူနေမှုအဆင့်အတန်းအတွက် ဆိုးရွားသောသက်ရောက်မှုများဖြစ်စေ သောကြောင့် စိတ်ပူစရာဖြစ်ကြောင်း၊ ကမ္ဘာ့စီးပွားရေး အကွဲကွဲအပြားပြားဖြစ်နေခြင်းသည် အဆိုပါစိန်ခေါ်မှုများကို ပိုမိုဆိုးရွားစေမည်ဖြစ်ရာ ကမ္ဘာ့ကုန်သွယ်မှု မူဘောင်ကိုအားကောင်းစေရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများသည် ကုန်သွယ်မှုအကာအကွယ်ပေးရေး မူဝါဒကိုရှောင်ရှားခြင်း၊ ပိုမိုခံနိုင်ရည်ရှိပြီး အားလုံးပါဝင်နိုင်သော ကမ္ဘာ့စီးပွားရေးကို တည်ဆောက်ခြင်းတို့ကိုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့စီးပွားရေးနှင့်အထူးသဖြင့် ဆင်းရဲသောနိုင်ငံများသည် ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် တည်ငြိမ်သော၊ ပွင့်လင်းမြင်သာ၍ ခန့်မှန်းနိုင်သော၊ စည်းမျဉ်းအခြေခံပြီး တရားမျှတသော နိုင်ငံစုံကုန်သွယ်မှုစနစ်မရှိပါက ရှုန်းကန်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့စီးပွားရေးပညာရှင် Ralph Ossa က “ ကမ္ဘာ့ကုန်သွယ်မှု အကွဲကွဲအပြားပြားဖြစ်ရခြင်းမှာ ပထဝီနိုင်ငံရေးတင်းမာမှုများနှင့်ဆက်နွယ်နေကြောင်း၊ ကံကောင်းထောက်မစွာဖြင့် ကမ္ဘာပြုမှုဖြစ်စဉ်ကိုဆန့်ကျင်ခြင်း (deglobalization)သည် ကျယ်ပြန့်စွာမဖြစ်ပေါ်သေးကြောင်း၊ အချက်အလက်များအရ ကုန်ပစ္စည်းများကို ရှုပ်ထွေးသောရောင်းလိုအား ကွင်းဆက်များမှတစ်ဆင့် ဆက်လက်ထုတ်လုပ်မည်ဖြစ်ပြီး ကာလတိုအတွင်းရောင်းလိုအား

ကွင်းဆက်ပမာဏမြင့်မားလာနိုင်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ပို့ကုန်နှင့် သွင်းကုန်ပမာဏတိုးတက်ရန် အလားအလာရှိသော်လည်း နိုးနိုးကြားကြားဆောင်ရွက်ရန်လိုကြောင်းတို့ကိုပြောကြားခဲ့သည်။

ယခုခန့်မှန်းချက်များတွင် ကမ္ဘာ့စီးပွားရေးလုပ်ငန်းဝန်ဆောင်မှုကုန်သွယ်ရေး မပါဝင်သော်လည်းကနဦးအချက်အလက်များအရ အဆိုပါကဏ္ဍ၏ တိုးတက်မှုနှုန်းသည် ပြီးခဲ့သည့်နှစ်က သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေးလုပ်ငန်းများတွင် အားကောင်းမှုများကြောင့် အလယ်အလတ်အဆင့်ဖြစ်နိုင်ကြောင်းသိရသည်။

၂၀၂၂ခုနှစ် ဒုတိယသုံးလပတ်တွင်ပြီးခဲ့သည့်နှစ်ထက် ၁၉ ရာခိုင်နှုန်းမြင့်တက်ခဲ့သော ကမ္ဘာ့စီးပွားရေးလုပ်ငန်းဝန်ဆောင်မှုကုန်သွယ်ရေးသည် ၂၀၂၃ခုနှစ် ပထမ သုံးလပတ်တွင် ၉ ရာခိုင်နှုန်း တိုးလာခဲ့သည်။ Source: WTO

Source:https://www.commerce.gov.mm/my/article/update-news-international-trade/

## ရုရှားတွင် လောင်စာဆီတင်ပို့မှုတားမြစ်ချက်ကြောင့် ပြည်တွင်းလက်လီဈေးနှုန်းများ ကျဆင်းခဲ့

ရုရှားနိုင်ငံတွင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်မှစ၍ ဓာတ်ဆီနှင့်ဒီဇယ်ဆီတင်ပို့မှုကို တားမြစ်ပြီးနောက် လောင်စာဆီသိုလှောင်မှုတန်ချိန် ၄၃၀,၀၀၀ တိုးလာခဲ့သော်လည်း ၎င်းအစီအမံသည် ပြည်တွင်းဈေးကွက်အပေါ် အပြုသဘောဆောင်သော သက်ရောက်မှုရှိကြောင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ် Mr. Alexander Novak က Rossiya-24 ရုပ်သံလိုင်းကို ပြောကြားခဲ့သည်။

ရုရှားဖက်ဒရယ်စာရင်းအင်းဌာန(Rosstat)၏အချက်အလက်များအရ မေလလယ်မှစပြီး ဈေးနှုန်းဆက်တိုက်မြင့်တက်ခဲ့သော ဒီဇယ်လောင်စာဆီ၏ ပျမ်းမျှလက်လီဈေးနှုန်းသည် စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ရက်သတ္တပတ်အတွင်း တစ်လီတာလျှင် ၀ ဒသမ ၁၄ ရာခိုင်နှုန်း (၉ kopecks)သို့ ကျဆင်းခဲ့ကြောင်း၊ ယင်းမတိုင်ခင်တွင် ဒီဇယ်လောင်စာ၏ ပျမ်းမျှလက်လီဈေးနှုန်းသည် တစ်လီတာလျှင် ၆၄ ဒသမ ၉၉ ရူဘယ် ရှိခဲ့ပြီး ၆၄ ဒသမ ၉၀ ရူဘယ်အထိ ကျဆင်းသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ရက်သတ္တပတ်အတွင်း ပျမ်းမျှဓာတ်ဆီ ဈေးနှုန်းသည်လည်း စတင်ကျဆင်းလာပြီး တစ်လီတာလျှင် ၀ ဒသမ ၄၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ဓာတ်ဆီအမျိုးအစားတစ်ခုချင်းစီအတွက် ဓာတ်ဆီ 92 တစ်လီတာလျှင် ၀ ဒသမ ၄ ရာခိုင်နှုန်း၊ ဓာတ်ဆီ - 95 တစ်လီတာလျှင် ၀ ဒသမ ၅၅ ရာခိုင်နှုန်း၊ ဓာတ်ဆီ-98 တစ်လီတာလျှင် ၀ ဒသ ၂ ရာခိုင်နှုန်းအသီးသီး ကျဆင်းခဲ့သည်။

Rosstat ၏အစီရင်ခံချိန်ကာလအတွင်း ရုရှားနိုင်ငံတွင် ဓာတ်ဆီထုတ်လုပ်မှုသည် ယခင်သီတင်းပတ်နှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၃ ရာခိုင်နှုန်းလျော့ကျကာ တန်ချိန် ၇၅၆ ဒသမ ၉၀ အထိ ကျဆင်းသွားပြီး ဒီဇယ်ဆီထုတ်လုပ်မှုမှာ ၀ ဒသမ ၄ ရာခိုင်နှုန်းလျော့ကျကာ တန်ချိန် ၁ ဒသမ ၅၄၂ သန်းအထိ ကျဆင်းသွားခဲ့သည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတွင်းငွေကြေးဖောင်းပွမှုပမာဏသည် ၀ ဒသမ ၂၁ ရာခိုင်နှုန်း ရှိသည်။

ရုရှားနိုင်ငံမှ ဒီဇယ်ဆီနှင့်ဓာတ်ဆီတင်ပို့မှုကို ပြည်တွင်းလိုအပ်ချက်ရှိသ၍ တားမြစ်သွားမည်ဖြစ်ပြီး နောက်ဆုံးရက်ကို သတ်မှတ်ထားခြင်းမရှိသေးကြောင်း ကရင်မလင်မှ ပြောရေးဆိုခွင့်ရှိသူ Mr. Dmitry Peskov က သတင်းထောက်များကို ပြောကြားခဲ့သည်။ တားမြစ်ချက်အမြန်ရုပ်သိမ်းရေးမျှော်လင့်ချက်သည် မဖြစ်နိုင်သေးကြောင်း စက်တင်ဘာလကုန်တွင် ရုရှားစွမ်းအင်ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ရုရှားတွင် လောင်စာဆီဈေးနှုန်းများသည် နွေရာသီကတည်းက စံချိန်တင်မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ရခြင်းသည် ပြည်ပတင်ပို့မှုကြောင့်ဟု ကျွမ်းကျင်သူများက သုံးသပ်သည်။ ပြည်တွင်းဈေးကွက် တည်ငြိမ်စေရန်အတွက် ရုရှားအစိုးရသည် ဓာတ်ဆီနှင့်ဒီဇယ်ဆီတင်ပို့မှု ယာယီကန့်သတ်ချက်ကိုထုတ်ပြန် ကျင့်သုံးခဲ့ပြီး ကန့်သတ်ချက်ကာလသည် သက်တမ်းမရှိကြောင်းသိရှိရသည်။ အဆိုပါကန့်သတ်ချက်ကြောင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်လျက်ရှိသော်လည်း ရုရှားပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းများပိုမိုလျှော့ချနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

Source: https://ria.ru/20231004/toplivo-1900462235.html,Sourcehttps://ria.ru/20231004/toplivo-1900531227.html

(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)

Source:https://myantrade.gov.mm/article/STP(Ygn)_06102023_11:06

## ဖိလစ်ပိုင်နိုင်ငံ၌ ဆန်ဈေးနှုန်း အမြင့်ဆုံးသတ်မှတ်ချက်ကို ရုပ်သိမ်းခဲ့

ဖိလစ်ပိုင်နိုင်ငံ၏ စိုက်ပျိုးရေးအရာရှိချုပ်အဖြစ် တာဝန်ယူဆောင်ရွက်နေသည့် သမ္မတဖာဒီနန်မားကို့စ်သည် ဆန်ရည်ညွှန်းဈေးနှုန်း အမြင့်ဆုံးပမာဏသတ်မှတ်ချက်ကို ရုပ်သိမ်းလိုက်ကြောင်း Taguig မြို့တွင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၄ ရက်၊ ဗုဒ္ဓဟူးနေ့၌ ပြုလုပ်ခဲ့သည့် အင်တာဗျူးတစ်ခုတွင် ကြေညာချက်ထုတ်ပြန် ပြောကြားခဲ့သည်။ စက်တင်ဘာလ ၅ ရက်နေ့

တွင် ၎င်းကိုယ်တိုင် လက်မှတ်ရေးထိုးခဲ့သော ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၃၉) ကို ထုတ်ပြန်ပြီး တစ်လခန့် အကြာတွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဆန်ရည်ညွှန်းဈေးနှုန်း အမြင့်ဆုံးသတ်မှတ်ချက်သည် နိုင်ငံတစ်ဝန်းစိုက်ပျိုးထုတ်လုပ်သည့် ပုံမှန်စက်ကြိတ်အဆင့်ဆန်နှင့် ကောင်းမွန်စွာကြိတ်ခွဲမှုအဆင့်ရှိသောဆန် နှစ်မျိုးလုံးနှင့်အကျုံးဝင်မှုရှိပြီး နိုင်ငံ၏အဓိကအခြေခံစားကုန် ဖြစ်သော ဆန်ဈေးနှုန်းမြင့်တက်မှုကို ထိန်းချုပ်ရန်အတွက် ထုတ်ပြန်ထားခဲ့ခြင်းဖြစ်သည်။ အဆိုပါအမိန့်အရ ပုံမှန်စက်ကြိတ်အဆင့်ရှိသော ဆန် တစ်ကီလိုဂရမ်လျှင် ၄၁ ပီဆိုနှုန်းနှင့် ကောင်းမွန်စွာကြိတ်ခွဲမှု အဆင့်ရှိသောဆန် တစ်ကီလိုဂရမ်လျှင် ၄၅ ပီဆိုနှုန်း ဈေးနှုန်းသတ်မှတ်ထားခဲ့သည်။ အဆိုပါ အမြင့်ဆုံးဈေးနှုန်း သတ်မှတ်ချက်များကို ရုပ်သိမ်းလိုက်သော်လည်း တောင်သူများသို့ ထောက်ပံ့မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဟု အစိုးရက ကတိပြုထားသည်။

သီးခြားညွှန်းကိန်းများအပေါ် အခြေခံသည့် အကြံပြုချက်များအရ အဆိုပါ ဆန်ဈေးနှုန်း အမြင့်ဆုံး သတ်မှတ်ချက်များ ရုပ်သိမ်းမှုကို စိုက်ပျိုးရေးဌာနနှင့် ကုန်သွယ်ရေးဌာနတို့ပူးပေါင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ တောင်သူများလက်ဝယ်မှ ရောင်းချရာတွင် ဆန် ၁ ကီလိုဂရမ်၏ ပျမ်းမျှ ဈေးနှုန်းများမှာ ၁၄ ပီဆို မှ ၂၃ ပီဆိုအတွင်း ထိန်းသိမ်းထားစဉ် ပျမ်းမျှလက်လီရောင်းဈေးများမှာ အမြင့်ဆုံးသတ်မှတ် ဈေးနှုန်းများနှင့် နီးကပ်လာခဲ့သည်။ ထို့ပြင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ပျမ်းမျှရောင်းဈေးအားဖြင့် ပုံမှန်ကြိတ်ဆန် တစ်ကီလိုဂရမ်လျှင် ၄၁ ဒသမ ၀၅ ပီဆိုနှင့် ကောင်းမွန်စွာကြိတ်ခွဲမှုအဆင့်ရှိသောဆန် တစ် ကီလိုဂရမ်လျှင် ၄၅ ဒသမ ၃၁ ပီဆို ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး အတိုင်းအတာအရ ရည်ညွှန်းဈေးနှုန်းအပေါ် လိုက်နာဆောင်ရွက်မှု မှာ ၈၁ ဒသမ ၄၆ ရာခိုင်နှုန်းဖြစ်ခဲ့သည်။

ဆန်ရည်ညွှန်းဈေး အမြင့်ဆုံးသတ်မှတ်ချက်ကို ရုပ်သိမ်းရာတွင် ကမ္ဘာ့ဆန်ဈေးကျဆင်းနေပြီး ဆန်လက်ကျန်များ ရောင်းအားတည်ငြိမ်နေခြင်း၊ ပုံမှန်ကြိတ်ခွဲဆန်နှင့် ကောင်းမွန်စွာ ကြိတ်ခွဲမှုအဆင့်ရှိသော ဆန်တို့ကို ရောင်းချသူများ တိုးလာခြင်း၊ ဆန်တင်သွင်းမှုပမာဏ လုံလောက်စွာ ရှိနေသည်ဟု ယူဆရခြင်း စသည့် ပြင်ပအချက်များကိုလည်း ထည့်သွင်းစဉ်းစားခဲ့သည်။ ဖိလစ်ပိုင် စိုက်ပျိုးရေးဦးစီးဌာနသည် ဆန်လက်လီ ရောင်းချသူများနှင့် Kadiwa ဆိုင်များသို့ ဆန်စုစုပေါင်း ၅၆၇၂၀၅ ကီလိုဂရမ်အား ဖြန့်ဖြူးရောင်းချခဲ့သည်။ ယခုလတွင် ဆန်မက်ထရစ်တန် ၁ ဒသမ ၉ သန်းခန့် လက်ကျန်ရှိမည်ဟု အစိုးရက မျှော်မှန်းထားပြီး ၇၄ ရက်အတွက် အလုံအလောက် ထောက်ပံ့နိုင် မည်ဖြစ်သည်။

Source: BNN Network, 4 Oct 2023 (**လယ်ယာထွက်ကုန်များနှင့်အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့**), Source: https://www.doca.gov.mm/my/node/14129

Source: [https://myantrade.gov.mm/article/Naypyitaw_12102023_207](https://myantrade.gov.mm/article/Naypyitaw_12102023_207)

## ဂျာမနီ၏ စီးပွားရေးကျဆင်းမှုသည် ပိုမိုဆိုးရွားသည့်ဘက်သို့ ဦးတည်နေခဲ့ကြောင်း IMF က ပြောကြား

ဂျာမနီသည် ယခင်က ခန့်မှန်းထားသည်ထက် ပိုမိုဆိုးရွားသော စီးပွားရေးကျဆင်းမှုဒဏ်ကို ခံစားနေရသည်ဟု အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်တွင် ပြောကြားခဲ့သည်။

ဥရောပ၏အကြီးဆုံးစီးပွားရေးဖြစ်သော ဂျာမနီသည် အမြင့်မားဆုံး စက်မှုနိုင်ငံများအစုအဖွဲ့ (G7) တွင် ၂၀၂၃ ခုနှစ်အတွက် စီးပွားရေးတိုးတက်နိုင်ဖွယ်မရှိတော့သည့် တစ်ခုတည်းသောနိုင်ငံဖြစ်လာမည်ဟုမျှော်လင့်ရကြောင်း ဖော်ပြထားသည်။

ငွေကြေးဖောင်းပွမှုမြင့်မားခြင်းနှင့် ကုန်ထုတ်လုပ်မှုကျဆင်းခြင်းတို့ကြောင့် ယခုနှစ်တွင် ဂျာမနီ၏ စီးပွားရေးသည် သုည ဒသမ ၅ ရာခိုင်နှုန်းခန့်ကျုံ့သွားနိုင်ဖွယ်ရှိကြောင်း၊ ဝါရှင်တန်အခြေစိုက် ငွေထုတ်ချေးသူများကလည်း ဂျာမန် စီးပွားရေးအား ပြီးခဲ့သည့်ဇူလိုင်လတွင် သုည ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းမည်ဟု ခန့်မှန်းထားခဲ့ပြီးဖြစ်ကြောင်းနှင့် ၎င်းတို့၏ သုံးသပ်ချက်အမြင်တွင် ဂျာမနီသည် အတိုးနှုန်းနှင့်အတူ လိုက်ပါပြောင်းလဲနေသော ထိလွယ်ရှလွယ်ကဏ္ဍများတွင် အားနည်းမှုများရှိနေခြင်းနှင့် ကုန်သွယ်ဖက်များ၏ ဝယ်လိုအားနှေးကွေးလာခြင်းတို့အပါအဝင် အတားအဆီးများစွာကို ရင်ဆိုင်နေရကြောင်း IMF က ပြောကြားခဲ့သည်။

ဂျာမနီ၏ စီးပွားရေးသည် ၂၀၂၄ ခုနှစ်တွင် ပြန်လည်နာလန်ထူလာနိုင်မည့် လမ်းကြောင်းပေါ်တွင်ရှိနေပြီဖြစ်သော်လည်း ကြိုတင်ခန့်မှန်းထားခဲ့သည့် စီးပွားရေးတိုးတက်မှုနှုန်း ၁ ဒသမ ၃ ရာခိုင်နှုန်းထက် ဆိုးရွားနေခဲ့ကာ သုည ဒသမ ၉ ရာခိုင်နှုန်းခန့်သာ တိုးတက်လာလိမ့်မည်ဟု ကြိုတင်ခန့်မှန်းထားခဲ့ကြောင်း IMF က ဆက်လက်ပြောကြားခဲ့သည်။

ယူရိုဇုန်၏ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းထက် ကျော်လွန်နေသဖြင့် ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် အားထည့်ကြိုးပမ်းရန်းကန်နေရသော G7 အဖွဲ့ဝင်ဖြစ်သည့် အီတလီသည် ၎င်း၏ စီးပွားရေးတိုးတက်မှုနှုန်း ခန့်မှန်းချက်ကို သုည ဒသမ ၄ ရာခိုင်နှုန်းအထိ လျှော့ချခန့်မှန်းထားရာမှ သုည ဒသမ ၇ ရာခိုင်နှုန်းအထိ ပြန်လည်ပြင်ဆင် ခန့်မှန်းခဲ့သည်ကိုတွေ့ရှိခဲ့ရသည်။

ယူရိုဇုန်၏ ငွေကြေးအမျိုးအစားတစ်ခုတည်းကိုသာ အသုံးပြုသော ဧရိယာတစ်လျှောက်တွင် IMF က ၎င်း၏ ၂၀၂၃ ခုနှစ် အတွက် တိုးတက်မှုနှုန်းခန့်မှန်းချက်ကို သုည ဒသမ ၇ ရာခိုင်နှုန်းသို့ အနည်းငယ် လျှော့ချခဲ့သည်။

သို့သော်လည်း G-20 အုပ်စု၏ ဒုတိယအကြီးဆုံးစီးပွားရေးဖြစ်သော ပြင်သစ်နိုင်ငံအတွက် သတင်းကောင်းတစ်ခုမှာ စက်မှုကဏ္ဍမှထုတ်လုပ်မှုနှင့် ပြင်ပမှဝယ်လိုအားကောင်းမွန်လာမှုတို့ကြောင့် ၂၀၂၃ ခုနှစ်အတွက် IMF က ယခင်ခန့်မှန်း ထားခဲ့သောတိုးတက်မှုနှုန်း သုည ဒသမ ၈ ရာခိုင်နှုန်းကိုကျော်လွန်၍ ၁ ရာခိုင်နှုန်းအထိ ရှိလာလိမ့်မည်ဟု ပြင်ဆင်ခန့်မှန်းနိုင်ခဲ့သည်။

ဂျာမနီသည် ၎င်း၏ ခိုင်မာသောကုန်ထုတ်လုပ်မှုကဏ္ဍအတွက် လိုအပ်သောစွမ်းအင်ကို ယခင်က ရုရှား၏ ထောက်ပံ့မှုအပေါ် မှီခိုနေခဲ့ရာမှ ယခုအချိန်တွင် ရုရှားထံမှ စွမ်းအင်မရရှိတော့ခြင်းနှင့် တစ်ဖက်တွင်လည်း တင်းကျပ်သော ငွေကြေးမူဝါဒနှင့် ငွေကြေးဖောင်းပွမှု မြင့်တက်လာခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံမှုအားနည်းသွားခဲ့ခြင်းစသည့် အလွန်အားကောင်းသော အင်အားစု (၂)ရပ်သည် ဂျာမန်စီးပွားရေးအပေါ် များစွာထိခိုက်နစ်နာ စေခဲ့ကြောင်း IMF ၏ ဘောဂဗေဒ ပညာရှင် Pierre-Olivier Gourinchas က ပြောကြားခဲ့သည်။

ထို့ပြင် ဂျာမနီသည် သက်ကြီးရွယ်အို လူ့အဖွဲ့အစည်းနှင့် ကျွမ်းကျင်လုပ်သားများ ရှားပါးမှုကဲ့သို့သော ရေရှည်ပြဿနာများနှင့်လည်း ရင်ဆိုင်နေရကြောင်း ဖော်ပြထားသည်။

Source : https://www.dw.com/en/germany-headed-for-deeper-recession-imf- says/a-67049892

(စီးပွားရေးသံမှူး၊ ဘာလင်)

Source:https://myantrade.gov.mm/article/Naypyitawstp_131020231015

## အင်ဒိုနီးရှား စားအုန်းဆီကြမ်း futures exchange မူဝါဒ ပြောင်းလဲဖြေလျှော့

အင်ဒိုနီးရှားသည် ၎င်း၏ စားအုန်းဆီကြမ်း crude palm oil (CPO) ကြိုပွိုင့်ရောင်းဝယ်ရန် futures exchange ကို အောက်တိုဘာလ ၁၃ ရက်တွင် စတင်ရာ၌ ၎င်းအိတ်ချိန်းမှတစ်ဆင့်သာ မဖြစ်မနေကုန်သွယ်မှုပြုရမည်ဟု ယခင်က ပြောကြားခဲ့သော်လည်း ယခုအခါမူဝါဒပြောင်းလဲလိုက်ပြီး ဖြေလျှော့ပေးသဖြင့် စားအုန်းဆီကြမ်းကို ပြည်ပဝယ်လက်များနှင့် ယခင်အတိုင်း ရောင်းဝယ်နိုင်သည်။

ကမ္ဘာ့စားအုန်းဆီဈေးကို တွန်းအားပေးရန်နှင့် ကွာလာလမ်ပူနှင့် ရော့တာဒမ်မြို့တို့ကဲ့သို့ စံနှုန်းများကို ဖန်တီးရန်အတွက် ယခင်က စားအုန်းဆီကြမ်းတင်ပို့မှုအားလုံးကို ကြိုပွိုင့်အိတ်ချိန်းမှသာ မဖြစ်မနေပြုလုပ်ရန် စီစဉ်ထားခဲ့ခြင်းဖြစ်သည်။

Source brecorder,https://www.foodindustrydirectory.com.mm

Source:https://myantrade.gov.mm/article/naypyitaw_13102023_945

## ထိုင်းနိုင်ငံစက်မှုဝန်ကြီးဌာနက အရည်အသွေးမမီသော လူသုံးကုန်ပစ္စည်းများ ထိုင်းနိုင်ငံအတွင်းသို့တင်သွင်းလာခြင်း မရှိစေရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်

ထိုင်းပြည်တွင်းစက်ရုံများနှင့် ပြည်သူများအားအကာအကွယ်ပေးရန်အတွက် ထိုင်းနိုင်ငံအတွင်းသို့ အရည်အသွေးမမီသောပစ္စည်းများ တင်သွင်းမှုတားဆီးခြင်းကို လာမည့် ၆ လအတွင်း အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါအရည်အသွေးမမီသော ကုန်ပစ္စည်းများကြောင့် ထိုင်းစွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် စားသုံးသူများအပေါ် သက်ရောက်လာသည်ဟုရေးသားဖော်ပြထားသည့် အစီရင်ခံစာအရ ယခုကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန ဝန်ကြီး Ms. Pimphattra Wichaikul က ပြောကြားခဲ့သည်။

တင်သွင်းသူများက မည့်သည့်နိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့သည်ဆိုသည်ကို ထုတ်ဖော်ပြောကြားခြင်း မပြုသော်လည်း ဖြန့်ကျက်ပြောမည်ဆိုပါက အိမ်နီးချင်းနိုင်ငံများမှ ဖြစ်နိုင်ကြောင်း၊ ထိုင်းစက်မှု စံချိန်စံညွှန်း အင်စတီကျု (Thai Industrial Standards Institute -TISI) ကို အကောက်ခွန်ဦးစီးဌာနနှင့်ပူးပေါင်း၍ အင်စတီကျု၏ စီမံခန့်ခွဲမှုအောက်ရှိ တင်သွင်းကုန်စည်များ၏ အရည်အသွေးများကိုစစ်ဆေးရန် လမ်းညွှန်မှာကြားထားပါကြောင်း၊ လာမည့် ၆ လအတွင်း ဈေးကွက်အတွင်းရှိ အရည်အသွေးမမီသော ပစ္စည်းများအားလုံး ဖယ်ရှားနိုင်ရေး ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

ထိုင်းစက်မှုစံချိန်စံညွှန်းအင်စတီကျုက ကုန်ပစ္စည်း ၁၄၃ မျိုးအပေါ် စစ်ဆေးသွားမည်ဖြစ်ပြီး သတ်မှတ်အရည်အသွေးနှင့်လုံခြုံစိတ်ချရမှု စံချိန်စံညွှန်းများကို အသိအမှတ်ပြုသွားမည်ဖြစ်ကြောင်း၊ တင်သွင်းကုန်ပစ္စည်းများအပေါ် ပိုမိုတင်းကြပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် အင်စတီကျုအနေဖြင့်လည်း ပိုမိုတင်းကြပ်စွာ စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ဈေးများနှင့် အွန်လိုင်းမှ

ရောင်းချသည့် ပုံစံ ၂ မျိုးစလုံးအတွက် အကျုံးဝင်မည်ဖြစ်ပါကြောင်း၊ အရည်အသွေးနိမ့် ကုန်ပစ္စည်းတင်သွင်းလာသူများကို လည်း အမြင့်ဆုံးထောင်ဒဏ် ၂ နှစ် နှင့် သို့မဟုတ် ငွေဒဏ် ဘတ် ၂ သန်း ချမှတ်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်သည်များ သည် ယင်းကုန်ပစ္စည်းများကို ရောင်းချသည်ကို စိစစ်တွေ့ရှိပါက ထောင်ဒဏ် ၆ လ နှင့် သို့မဟုတ် အမြင့်ဆုံးငွေဒဏ် ဘတ် ၅၀၀,၀၀၀ ချမှတ်သွားမည်ဖြစ်ကြောင်း၊ အင်စတီကျု၏ ခေတ္တအထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ Mr. Wanchai Phanomchai က ပြောကြားခဲ့သည်။

ပြည်တွင်း အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ကာကွယ်ရန်အတွက် ဈေးနည်းသော တရုတ်ကုန် ပစ္စည်းများ တင်သွင်းလာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာနများကို တိုက်တွန်းထားကြောင်း၊ ပြည်တွင်းအငယ်စားနှင့် အသေးစားစီးပွားရေးလုပ်ငန်းများသည် ကပ်ရောဂါ၏ သက်ရောက်မှုများမှ ပြန်လည်ထူထောင်ရေးအတွက် ရုန်းကန်နေရဆဲ ဖြစ်ကြောင်း၊ အရည်အသွေးမမီသော တင်သွင်းကုန်စည်များ ဈေးကွက်အတွင်း လွှမ်းမိုးလာမှုကို ကာကွယ်စေလိုကြကြောင်း ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ဆိုသည်။

အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပိုမိုထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှုများ ပိုမိုဖိတ်ခေါ်နိုင်ရေးအတွက် လျှပ်စစ်မော်တော်ယာဉ် မက်လုံးပေးအစီအစဉ်သစ်များကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနဝန်ကြီးက ကတိပေးပြောကြားခဲ့သည်။ Source: www.bangkokpost. gov

(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source:https://myantrade.gov.mm/article/Naypyitawstp_171020231144

## အရောင်းအဝယ်နည်းပါးသဖြင့် အိန္ဒိယ၏ ကော်ဖီပို့ကုန်ကျဆင်း

အိန္ဒိယနိုင်ငံ၌ လက်ရှိဘဏ္ဍာနှစ်၏ ပထမနှစ်ဝက်ကာလအတွင်း ကော်ဖီစေ့များ အရောင်းအဝယ်နည်းပါးသဖြင့် ကော်ဖီ တင်ပို့မှုပမာဏ အနည်းငယ်ကျဆင်းခဲ့သော်လည်း သဘော်တင်ပို့မှု တန်ဖိုးများမှာ မြင့်တက်လာခဲ့ပါသည်။ ပို့ကုန်လုပ်ငန်းရှင် များက ယခုနှစ် ကျန်ရှိသောကာလများ အတွက် ကော်ဖီသီးနှံ၏ အလားအလာမှာ အပြောင်းအလဲ မြန်ဆန်သော ရာသီဥတု ကြောင့် သီးနှံ ထွက်ရှိမှုပမာဏအပေါ် မူတည်လျက်ရှိကြောင်း ပြောကြားခဲ့ကြသည်။

ကော်ဖီဘုတ်အဖွဲ့မှ ထုတ်ပြန်သော ကနဦးအချက်အလက်များအရ ယခုဘဏ္ဍာနှစ် ဧပြီလ မှ စက်တင်ဘာလအတွင်း ကော်ဖီတင်ပို့မှုမှာ တန်ချိန် ၁၉၂၅၉၆ တန်သာ တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ် ကာလတူ၌ တန်ချိန် ၂၀၉၈၁၈ တန် တင်ပို့နိုင်ခဲ့ခြင်း ကြောင့် ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်းနှင့် တန်ဖိုးအားဖြင့်မူ အဆိုပါကာလများအတွင်း ကော်ဖီတင်ပို့မှုမှာ ဒေါ်လာ ၆၀၅ သန်း ရှိခဲ့သဖြင့် ယခင်နှစ်ကာလတူတင်ပို့မှုတန်ဖိုး ဒေါ်လာ ၅၈၈ သန်းနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရှိရသည်။ ပထမနှစ်ဝက်ကာလအတွင်း ကော်ဖီတင်ပို့မှုသည် ရူပီးငွေတန်ဖိုးအားဖြင့် ၄၉၉၁၀ သန်းရှိရာ အိန္ဒိယရူပီးငွေ၏ တန်ဖိုးကျဆင်းမှုအရ ယခင်နှစ်ကာလတူ တင်ပို့မှု တန်ဖိုး ရူပီး ၄၆၀၈၀ သန်းအပေါ် ၈ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

အိန္ဒိယကော်ဖီကို အများဆုံးဝယ်ယူလျက်ရှိသည့် ဥရောပသမဂ္ဂနိုင်ငံအချို့တွင် စီးပွားရေးအခြေအနေ အားလျော့လာ ခြင်းနှင့်အတူ ဝယ်ယူသူအချို့က အသင့်ဖျော်ကော်ဖီများကို ပြောင်းလဲရွေးချယ်ခဲ့လာကြခြင်းက ကော်ဖီစေ့တင်ပို့မှုအပေါ် အကျိုးသက်ရောက်ခဲ့သည်။ အိန္ဒိယကော်ဖီတင်ပို့သူများအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Ramesh Rajah က စိုက်ပျိုးထုတ်လုပ်သူများ သည် ကော်ဖီများကို ဈေးကွက်အတွင်း ရောင်းချခြင်းမပြုကြဘဲ တုံ့ဆိုင်းနေကြသဖြင့် အာရေဘီကား ကော်ဖီရရှိရန် ခက်ခဲမှု ဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုနှစ်အတွင်း ကော်ဖီဝယ်ယူရန် အမှာစာများရရှိမှု နည်းပါးလျက်ရှိကြောင်း၊ ဒုတိယနှစ်ဝက်တွင် အခြေ အနေ ကောင်းမွန်မည်ဟု မျှော်လင့်ရသော်လည်း အဓိကအားဖြင့် ကော်ဖီသီးနှံထွက်ရှိမှု ပမာဏအပေါ်တွင် တည်မှီနေကြောင်း၊ ကော်ဖီအဝယ် အမှာစာအများစုကို အောက်တိုဘာ-နိုဝင်ဘာလများအတွင်း လက်ခံရလေ့ရှိပြီး ယခုအချိန်မှာ အနည်းငယ် စောသေးကြောင်း၊ အာရေဘီကားအတွက် အမှာစာမရှိဘဲ ရိုဘတ်စတာကော်ဖီ မှာယူမှု အနည်းငယ်မျှသာရှိကြောင်း ပြောကြား ခဲ့သည်။

မုတ်သုံရာသီကာလအတွင်း ကော်ဖီအဓိကစိုက်ပျိုးထုတ်လုပ်သည့် ကာနာတာကာဒေသ၌ အချိန်အခါမဟုတ် မိုးရွာ သွန်းခဲ့မှုကြောင့် ၂၀၂၃-၂၄ ခုနှစ် ကော်ဖီသီးနှံထုတ်လုပ်မှုအတွက် ရာသီဥတုအခြေအနေမှာ စိုးရိမ်ဖွယ်ဖြစ်ကြောင်း၊ ဩဂုတ်လ အတွင်းတွင်မူ ရာသီဥတုခြောက်သွေ့ခဲ့ပြီး ကော်ဖီစေ့ဖွံ့ဖြိုးမှုအတွက် ဖိစီးမှုဖြစ်စေခဲ့ကြောင်း၊ ကော်ဖီအဓိက စိုက်ပျိုးသည့် ဒေသများတွင် မုတ်သုံကာလအတွင်း မိုးရေချိန်မှာ ၅၀ ရာခိုင်နှုန်းအထိ လျော့နည်းခဲ့ကြောင်းနှင့် အောက်တိုဘာလ ၂၀ ရက် နောက်ပိုင်းမှ နိုဝင်ဘာလအတွင်း ကော်ဖီသီးနှံများ ပိုမိုကောင်းမွန်စွာရင့်မှည့်စေရန် အတွက် မိုးရွာသွန်းမှုမရှိရန် လိုအပ်ကြောင်း ဖြင့် အိန္ဒိယကော်ဖီဘုတ်အဖွဲ့၏ အတွင်းရေးမှူးနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ KG Jagadeesha က ပြောကြားခဲ့သည်။

အဆိုပါ ကော်ဖီအဖွဲ့အစည်း၏ ပြောဆိုချက်အရ ယခင်နှစ်အတွက် ကော်ဖီစေ့ ထုတ်လုပ်မှု နောက်ဆုံးခန့်မှန်းချက် တန်ချိန် ၃ ဒသမ ၅၂ သိန်းထက်ပိုမိုလျက် ၂၀၂၃-၂၄ ခုနှစ်၌ ကော်ဖီသီးနှံ တန်ချိန် ၃ ဒသမ ၇၄ သိန်း ထွက်ရှိနိုင်မည်ဟု ကနဦး ခန့်မှန်းထားသော်လည်း အထွက်လျော့နည်းဖွယ်ရှိကြောင်း သိရှိရပါသည်။ Jagadeesha က ကော်ဖီဈေးနှုန်းများမှာ ခိုင်မာမည်ဟုခန့်မှန်းထားပြီး ယခုနှစ်အကုန်ပိုင်းတွင် ကော်ဖီသီးနှံများထွက်ရှိမည်ဆိုပါက ယခင်နှစ်တင်ပို့မှုထက် တန်ဖိုးအားဖြင့် ပိုမိုများပြားနိုင်ကြောင်း ပြောကြားခဲ့ပါသည်။ အိန္ဒိယနိုင်ငံသည် နှစ်စဉ်ကော်ဖီတန်ချိန် ၃ ဒသမ ၅ သိန်းကို ထုတ်လုပ်လျက်ရှိပြီး ထုတ်လုပ်မှု၏ သုံးပုံနှစ်ပုံကျော်ကို တင်ပို့လျက်ရှိကြောင်းနှင့် ၎င်းပမာဏ၏ ၅၇ ရာခိုင်နှုန်းခန့်သည် ဥရောပသမဂ္ဂသို့ တင်ပို့ခြင်းဖြစ်ကြောင်း သိရှိရသည်။

Source: The Hindu Business Line, 6 Oct 2023 **(လယ်ယာထွက်ကုန်များနှင့်အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**, Source:https://www.doca.gov.mm/my/node/14258

Source:https://myantrade.gov.mm/article/Naypyitaw_18102023_159

## ရော်ဘာလုပ်ငန်းသည် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရ

မျက်မှောက်ကာလ သဘာဝရော်ဘာ စိုက်ပျိုးထုတ်လုပ်နေသည့်နိုင်ငံများတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများမှာ ရော်ဘာဈေးနှုန်းကျဆင်းမှု၊ လုပ်သားစရိတ်တိုးမြှင့်မှု၊ လုပ်သားရှားပါးမှု၊ ရောဂါများ၊ ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြစ်ကြောင်း အိန္ဒိယရော်ဘာဘုတ်အဖွဲ့၏ အမှုဆောင်ဒါရိုက်တာ M. Vasanthagesan က ပြောဆိုသည်။

အိန္ဒိယနိုင်ငံ၊ Guwahati မြို့၌ သဘာဝရော်ဘာထုတ်လုပ်သည့်နိုင်ငံများအသင်း (ANRPC)၏ နှစ်ပတ်လည် ရော်ဘာညီလာခံနှင့် အစည်းအဝေးပွဲများကို ကျင်းပရာတွင် အိန္ဒိယရော်ဘာဘုတ်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာ Sawar Dhanania က ANRPC သည် သဘာဝရော်ဘာ စိုက်ပျိုးသည့်နိုင်ငံများ အားလုံးအတွက် တူညီသောပြဿနာများကို ဦးစားပေး၍ သင့်လျော်သော မူဝါဒများချမှတ်သင့်ပါကြောင်း၊ ရော်ဘာစိုက်ပျိုးခြင်းကဏ္ဍတွင် စက်မှုလယ်ယာစနစ် ဖွံ့ဖြိုးရေး၊ ရေရှည်တည်တံ့သော စိုက်ပျိုးမှုအလေ့အထများ မြှင့်တင်ရေး၊ ထောက်ပံ့ရေးကွင်းဆက်များ အားကောင်းစေရေး၊ ရော်ဘာအခြေခံသစ်ထုတ်ကုန်များအတွက် တန်ဖိုးထပ်တိုးမြှင့်ရေးစသည်ဖြင့် မည်သည့်နေရာ၌မဆိုရှိကြသော ရော်ဘာစိုက်ပျိုးသူများအတွက် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မလေးရှားရော်ဘာဘုတ်အဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်နှင့် ANRPC ဥက္ကဋ္ဌဖြစ်သူ Dato' Dr Zaroissani Mohd Nor က ANRPC ၏ နှစ်ပတ်လည်ထုတ်ပြန်ချက်ကို တင်ပြခဲ့ရာတွင် အသင်း၏ ရည်မှန်းချက်မှာ ရော်ဘာလုပ်ငန်း၏ ကုန်ထုတ်စွမ်းအားကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်ရန်၊ ကုန်ကျစရိတ်ကို လျှော့ချနိုင်ရန်၊ ရော်ဘာထုတ်လုပ်မှုမပြုမီကဏ္ဍတွင် တန်ဖိုးထပ်တိုးရန်၊ နောက်ဆက်တွဲ ဝင်ငွေရင်းမြစ်များကို ရှာဖွေနိုင်ရန်၊ သဘာဝရော်ဘာ၏ ဂေဟစနစ် တိုးတက်ကောင်းမွန်စေမည့် အထောက်အထားများကို ရင်းနှီးနိုင်ရန်၊ ရော်ဘာတောင်သူများ၏ ကောင်းကျိုးချမ်းသာကို ဆောင်ရွက်နိုင်ရန် ဖြစ်ကြောင်းဖြင့် တင်ပြခဲ့သည်။

သဘာဝရော်ဘာစိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံများတွင် ကြုံတွေ့နေရသည့် ရော်ဘာဈေးနှုန်းကျဆင်းမှု၊ လုပ်သားစရိတ်တိုးမြှင့်မှု၊ လုပ်သားရှားပါးမှု၊ ရောဂါများ၊ ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို စုပေါင်းအင်အားဖြင့် ဖြေရှင်းရမည် ဖြစ်ကြောင်း၊ ရော်ဘာကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရေးအပြင် ရော်ဘာထုတ်လုပ်မှုနှင့် ရော်ဘာအခြေခံထုတ်ကုန်များ ထုတ်လုပ်မှုတွင် ဖူလုံမှုရှိစေရေးတို့အတွက် အဓိကအားဖြင့် ကဏ္ဍပေါင်းစုံတွင် ကြိုးပမ်းအားထုတ်မှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ တာယာထုတ်လုပ်သူများအသင်း (ATMA)၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ငွေကြေးထောက်ပံ့မှုတို့ဖြင့် အိန္ဒိယအရှေ့မြောက်ပိုင်းပြည်နယ်များရှိ မြေဧရိယာ ဟက်တာ ၂ သိန်းတွင် ရော်ဘာတိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် အကြီးမားဆုံးစီမံကိန်းဖြစ်သည့် ရော်ဘာစိုက်ပျိုးရေး INROAD စီမံကိန်းကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း Vasanthagesan က ပြောကြားခဲ့သည်။

Source: Economic Times, 9th Oct 2023 **(လယ်ယာထွက်ကုန်များနှင့်အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**, Source: https://www.doca.gov.mm/my/node/14268

Source: https://myantrade.gov.mm/article/Naypyitaw_18102023_224

## မလေးရှား၏ စားအုန်းဆီတင်ပို့မှု ကျဆင်းပြီး ၁၁ လအတွင်း ကုန်လက်ကျန် အမြင့်ဆုံးရောက်ရှိ

မလေးရှားနိုင်ငံ၌ စားအုန်းဆီသိုလှောင်မှုသည် စက်တင်ဘာလကုန်တွင် ၁၁ လအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း မလေးရှားစားအုန်းဆီဘုတ်အဖွဲ့ (MPOB) ၏ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် စာရင်း ထုတ်ပြန်ခဲ့မှုနှင့်အတူ ဝယ်လိုအားနည်းပါးနေခြင်းအပေါ် စိုးရိမ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

မလေးရှား၏ စားအုန်းဆီလက်ကျန်ပမာဏသည် ဩဂုတ်လထက် ၉ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်လျက် စက်တင်ဘာလ၌ မက်ထရစ်တန်ချိန် ၂ ဒသမ ၃၁ သန်းအထိ ရောက်ရှိခဲ့ရာ ၅ လဆက်တိုက် မြင့်တက်ခြင်းဖြစ်ကြောင်း၊ စားအုန်းဆီကြမ်း (CPO) ထုတ်လုပ်မှုသည် စက်တင်ဘာလတွင် ၄ ဒသမ ၃၃ ရာခိုင်နှုန်းမြင့်တက်ပြီး တန်ချိန် ၁ ဒသမ ၈၃သန်း ထွက်ရှိခဲ့ကြောင်း၊ သို့သော် တင်ပို့မှုမှာ တန်ချိန် ၁ ဒသမ ၂ သန်းသို့ ကျဆင်းခဲ့ကြောင်း သိရသည်။

ရိုက်တာသတင်းဌာန၏စစ်တမ်း၌မူ မလေးရှားနိုင်ငံ၏ စားအုန်းဆီလက်ကျန်ပမာဏသည် ၁၂ ဒသမ ၀၅ ရာခိုင်နှုန်း မြင့်တက်လျက်တန်ချိန် ၂ ဒသမ ၃၈ သန်းခန့်ရှိနိုင်ကြောင်း၊ ထုတ်လုပ်မှုမှာ တန်ချိန် ၁ ဒသမ ၈၆ သန်းနှင့် တင်ပို့မှုမှာ တန်ချိန် ၁ ဒသမ ၃၂ သန်း ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

ဈေးကွက်ခန့်မှန်းချက်များနှင့်အညီ မလေးရှား၏ စားအုန်းဆီသိုလှောင်မှုပမာဏသည် မြင့်တက်လာခြင်းဖြစ်ပြီး ဒီဇင်ဘာလအကုန်တွင် လက်ကျန် တန်ချိန် ၂ ဒသမ ၅ သန်းအထိရောက်ရှိနိုင်ကြောင်း၊ စားအုန်းဆီသည် ဈေးနှုန်းသက်သာမှုရှိသော စားသုံးဆီများနှင့် ယှဉ်ပြိုင်နေခဲ့ရကြောင်း မွန်ဘိုင်းမြို့အခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။ စားအုန်းဆီသုံးစွဲမှုမြင့်မားသည့် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင် သိုလှောင်မှုများ မြင့်တက်လာခဲ့ပြီး ၎င်းတို့၏ဝယ်လိုအားမှာ လာမည့်လများအတွင်း အသင့်အတင့်ရှိမည်ဟု ခန့်မှန်းထားကြောင်း အခြားကုန်သည်တစ်ဦးက ပြောဆိုသည်။

သို့သော် မလေးရှားပြည်တွင်း၌မူ ဝယ်လိုအားမြင့်တက်လာကြောင်း၊ MPOB ၏ အချက်အလက်များအရ မလေးရှားနိုင်ငံအတွင်း စားအုန်းဆီသုံးစွဲမှုသည် စက်တင်ဘာလတွင် တန်ချိန် ၄၉၄၀၀၀ ရှိပြီး လအလိုက်နှိုင်းယှဉ်ပါက နှစ်ဆခန့်မြင့်တက်လာခဲ့ကြောင်း မွန်ဘိုင်းမြို့အခြေစိုက် Sunvin Group ၏ သုတေသနအကြီးအကဲ Anilkumar Bagani က ပြောကြားခဲ့သည်။

အယ်လ်နီညိုဖြစ်စဉ်၏ ပူပြင်းခြောက်သွေ့သော ရာသီဥတုအခြေအနေက စားအုန်းဆီ ထုတ်လုပ်မှုကို အကျပ်အတည်းဖြစ်ပေါ်စေလျက်ရှိသော်လည်း လက်ကျန်သိုလှောင်မှုပမာဏမြင့်တက်လာခဲ့ခြင်းသည် ကမ္ဘာ့စားအုန်းဆီဈေးနှုန်းကို ကျဆင်းမှုဖြစ်စေကြောင်း သိရှိရသည်။

Source: The Edge Malaysia, 10 Oct 2023 **(လယ်ယာထွက်ကုန်များနှင့်အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**, Source: https://www.doca.gov.mm/my/node/14262

Source: https://myantrade.gov.mm/article/Naypyitaw_18102023_223

## အင်ဒိုနီးရှားနိုင်ငံ၌ အယ်လ်နီညိုကြောင့် သီးနှံများထိခိုက်မှုကို အဆင့်သုံးဆင့်ဖြင့် ကာကွယ်မည်

အင်ဒိုနီးရှားနိုင်ငံ၊ အမျိုးသားသုတေသနနှင့် တီထွင်ဆန်းသစ်မှုအေဂျင်စီ (BRIN) သည် အယ်လ်နီညိုဖြစ်စဉ်၏ ပူပြင်းခြောက်သွေ့မှုကြောင့် သီးနှံများထိခိုက်ပျက်စီးနိုင်မည့်အန္တရာယ်ကို အဆင့်သုံးဆင့်ဖြင့်ကျော်လွှားရန် လယ်သမားများအား ဖိတ်ခေါ်အသိပေးခဲ့သည်။

BRIN အေဂျင်စီအဖွဲ့၏ စားနပ်ရိက္ခာသီးနှံသုတေသနဗဟိုဌာန၊ အကြီးအကဲ Yudhistira Nugraha ၏ ပြောကြားမှုအရ အဆိုပါအဆင့်သုံးဆင့်မှာ သီးနှံစိုက်ပျိုးမှု အခြေအနေပြ ပြက္ခဒိန်၏ အချက်အလက်စနစ်အား အများဆုံးအသုံးပြုခြင်း၊ ဆန်စပါးစိုက်ပျိုးမှုအစား ရင့်မှည့်မှုမြန်ဆန်သော သီးနှံများကိုပြောင်းလဲစိုက်ပျိုးခြင်းနှင့် ရေကိုအလေအလွင့်မဖြစ်စေဘဲ အသုံးပြုခြင်းတို့ ပါဝင်ကြောင်း၊ အဆိုပါအဆင့် ၃ ဆင့်ကို ထည့်သွင်းဆောင်ရွက်ခြင်းဖြင့် သီးနှံများဖြစ်ထွန်းမှုမရှိခြင်းကို အောင်မြင်စွာ ကာကွယ်နိုင်မည်ဖြစ်ကြောင်းဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ပြောကြားခဲ့သည်။

ပထမအဆင့် သီးနှံစိုက်ပျိုးမှုအခြေအနေပြ ပြက္ခဒိန်သတင်းအချက်အလက်စနစ်သည် စိုက်ပျိုးရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်သည့် ကြိုတင်သတိပေးစနစ်ဖြစ်ကြောင်း၊ တောင်သူများအား ၎င်းတို့၏မြေယာများ၌ စိုက်ပျိုးနိုင်သည့် အသင့်လျော်ဆုံးအချိန်များကို သတင်းအချက်အလက်ပြန်ကြားပေးနိုင်ရန်ရည်ရွယ်ကြောင်း၊ သို့သော် အင်ဒိုနီးရှားနိုင်ငံရှိ လယ်သမား အများအပြားသည် မိရိုးဖလာစိုက်ပျိုးနည်းဖြင့် စိုက်ပျိုးကြသောကြောင့် ယခုကဲ့သို့ ပံ့ပိုးပေးသည့်ပထမအဆင့် အစီအစဉ်ကို ပါဝင်ဆောင်ရွက်မှုနည်းပါးကြောင်း သိရှိရသည်။

ဒုတိယအဆင့်တွင် လယ်သမားများသည် ဆန်စပါးနှင့်နှိုင်းယှဉ်ပါက အချိန်တိုအတွင်း ရိတ်သိမ်းနိုင်မည့် အစားထိုးသီးနှံများဖြစ်သည့် ပဲတီစိမ်းနှင့် နှံစားပြောင်းကဲ့သို့သော သီးနှံများကို ရွေးချယ်စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ နောက်ဆုံးအဆင့်နှင့် စပ်လျဉ်း၍ တောင်သူများအနေဖြင့် မိမိတို့၏ ရေပမာဏကို ပိုမိုသတိပြု သိုလှောင်အသုံးပြုရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရန်

သတ်မှတ်ထားသည့် အပင်များအတွက် လိုအပ်သောရေပမာဏအတိအကျကို အလေးထားအသုံးပြုရမည်ဖြစ်ကြောင်း၊ ကာလကြာရှည်မည့် ခြောက်သွေ့ရာသီတွင် ရေကိုထိန်းသိမ်းထားရန်မှာ အရေးကြီးသဖြင့် ဆည်မြောင်းစနစ်များကို ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်ရန် လိုအပ် ပါကြောင်းဖြင့် Nugraha က အကြံပြုပြောကြားခဲ့သည်။

Source: Antara News, 7 Oct 2023 **(လယ်ယာထွက်ကုန်များနှင့်အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့)**, Source:https://www.doca.gov.mm/my/node/14270

Source: https://myantrade.gov.mm/article/Naypyitaw_18102023_235

## ဂျပန်နိုင်ငံမှ ရေထွက်ပစ္စည်းများတင်သွင်းမှုကို ရုရှားနိုင်ငံမှ ရပ်ဆိုင်းသွားမည်

ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံမှ သန့်စင်ပြီးရေဒီယိုသတ္တိကြွရေများကို ပင်လယ်ထဲသို့ စွန့်ပစ်မှုကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများကို ကြိုတင်ကာကွယ်ရန်အတွက် ရုရှားနိုင်ငံအနေဖြင့် ဂျပန်နိုင်ငံမှ ရေထွက်ကုန်များ တင်သွင်းမှုကို ကန့်သတ်သွားမည်ဖြစ်ကြောင်း ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ရုရှားအာဏာပိုင်များက ထုတ်ပြန်ခဲ့ပြီးနောက် ဂျပန်နိုင်ငံတွင် ဆန့်ကျင်ဆန္ဒပြမှုများဖြစ်ပေါ်လျက်ရှိကြောင်း ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် ဂျပန်နိုင်ငံမှ ငါးနှင့်ပင်လယ်စာများတင်သွင်းမှုကို တရုတ်နိုင်ငံမှ ယာယီအားဖြင့် ကန့်သတ်ထားခြင်းတွင် ရုရှားနိုင်ငံအနေဖြင့်လည်း ပါဝင်သွားမည်ဖြစ်ကြောင်း The Russian Federal Service for Veterinary and Phytosanitary Surveillance မှ ထုတ်ပြန်ခဲ့ကြောင်းဖော်ပြထားသည်။ ထိုသို့ ထုတ်ပြန်ခဲ့သည့်နေ့၌ပင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ရုရှားနိုင်ငံ၏ဆောင်ရွက်မှုသည် သိပ္ပံနည်းကျအကြောင်းပြချက် ကင်းမဲ့လျက်ရှိခြင်းကြောင့် စိတ်ပျက်ဖွယ်ရာဖြစ်ကြောင်းနှင့် ကန့်သတ်ချက်ကို ရုပ်သိမ်းပေးရန် ပြင်းပြင်း ထန်ထန်တောင်းဆိုခဲ့ကြောင်း ဖော်ပြထားသည်။

ရုရှားအစိုးရအနေဖြင့် ဂျပန်နိုင်ငံရေထွက်ပစ္စည်းများတင်သွင်းမှုကို ပိတ်ပင်မှုမှာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် အသက်ဝင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ဂျပန်နိုင်ငံမှ ရေထွက်ကုန်များမှာ ရုရှားနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂ (EAEU) တို့၏ ဘေးကင်းလုံခြုံမှုဆိုင်ရာစံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိကြောင်း အတည်ပြုနိုင်သည့်ကာလအထိ ကန့်သတ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ရုရှားစိုက်ပျိုးရေးဝန်ကြီး၏အမှုဆောင်အဖွဲ့အနေဖြင့် ဂျပန်နိုင်ငံမှ ရေထွက်ပစ္စည်းများတွင်ရေဒီယိုသတ္တိကြွပစ္စည်းများ ပါဝင်လာနိုင်မှုကို စိုးရိမ်သည့်အတွက် တရုတ်နိုင်ငံကဲ့သို့ ဂျပန်နိုင်ငံမှ ရေထွက်ပစ္စည်းများတင်သွင်းမှုကို ကန့်သတ်သွားရန် စဉ်းစားလျက်ရှိကြောင်းစက်တင်ဘာလက ကြေညာခဲ့သည်။ ဂျပန်အစိုးရအနေဖြင့် ယခုလ အစောပိုင်းတွင် Rosselkhoznadzor ဟုခေါ်သည့် အဆိုပါအဖွဲ့ကို Video Conferencing စနစ်ဖြင့်တွေ့ဆုံခဲ့ပြီး Tritium ပါဝင်သည့် ရေဒီယိုသတ္တိကြွပစ္စည်းများကို စမ်းသပ်ခြင်းနှင့် လုံခြုံမှုရှိ-မရှိစစ်ဆေးဆောင်ရွက်သွားမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

ပြင်းထန်သည့် ငလျင်နှင့် ဆူနာမီတို့ကြောင့် ၂၀၁၁ ခုနှစ်တွင် ပျက်စီးခဲ့သည့် ဖူကူရှီးမား နျူကလီးယား ဓာတ်အားပေးစက်ရုံမှ ထွက်ရှိလာသည့်ရေများကိုစွန့်ပစ်ခြင်းမှာ နိုင်ငံတကာဘေးကင်းလုံခြုံရေးဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(IAEA)က ဇူလိုင်လတွင် ဆုံးဖြတ်ခဲ့ပြီးနောက် ဩဂုတ်လနှောင်းပိုင်းတွင်စတင်၍ ပင်လယ်ထဲသို့ စွန့်ပစ်ခဲ့ကြောင်း၊ ထိုသို့ပထမအကြိမ်စွန့်ပစ်မှုစတင်ခဲ့ပြီးနောက် တရုတ်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံမှ ရေထွက်ကုန်များတင်သွင်းမှုအားလုံးကို ပိတ်ပင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံရှိ ဒေသခံတံငါသည်များအပါအဝင် အချို့သောနိုင်ငံများက စိုးရိမ်မှုများထုတ်ဖော်ခဲ့ကြသော်လည်း အောက်တိုဘာလအစောပိုင်းတွင် ဒုတိယအကြိမ်အဖြစ် ပင်လယ်ထဲသို့ ထပ်မံစွန့်ပစ်ခဲ့ကြောင်း ဖော်ပြထားသည်။

ရုရှားအစိုးရက ထုတ်ပြန်ထားသည့် အချက်အလက်များအရ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့အထိ ဂျပန်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံသို့ ရေထွက်ပစ္စည်းတန်ချိန်စုစုပေါင်း ၁၁၈ တန်တင်ပို့ခဲ့ကြောင်း ဖော်ပြထားသည်။

**သုံးသပ်တင်ပြချက်**

ဂျပန်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံသို့ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်းများ၊ ဘတ်စကားနှင့် ထရပ်ကားများ အများဆုံးတင်ပို့လျက်ရှိပြီး၊ ဂျပန်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံမှ LNG ၊ ကျောက်မီးသွေး၊ ငါး၊ သံနှင့်စတီးပစ္စည်းများ အများဆုံးတင်သွင်းလျက်ရှိပါသည်။ ဂျပန်နိုင်ငံအနေ ဖြင့် ၂၀၂၂ ခုနှစ်တွင် ယန်း ၂၈၀ သန်းတန်ဖိုးရှိ ရေထွက်ကုန်များကို ရုရှားနိုင်ငံသို့ တင်ပို့ခဲ့ပြီး ယန်း ၁၅၅ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ ရေထွက်ကုန်များကို ရုရှားနိုင်ငံမှ တင်သွင်းခဲ့သည်။

ဂျပန်နိုင်ငံ၏ ရေလုပ်ငန်းကဏ္ဍအတွက် အကြီးဆုံးဈေးကွက်မှာ တရုတ်နိုင်ငံဖြစ်ပြီး ၂၀၂၂ ခုနှစ်၌ ဂျပန် နိုင်ငံမှ တရုတ်နိုင်ငံသို့ ရေထွက်ပစ္စည်းများတင်ပို့မှုမှာ ဂျပန်နိုင်ငံမှ စုစုပေါင်းတင်ပို့မှု၏ ၂၈ ရာခိုင်နှုန်းရှိခဲ့သည်ကို တွေ့ရှိရသည်။ ၂၀၂၂ ခုနှစ်တွင် ဂျပန်နိုင်ငံမှ ရုရှားနိုင်ငံသို့ရေထွက် ကုန်များတင်ပို့မှုမှာ ရေထွက်ကုန်စုစုပေါင်း တင်ပို့မှု၏ ၀ ဒသမ ၁ ရာခိုင်နှုန်း သာ

ရှိကြောင်း တွေ့ရှိရသည်။ ဂျပန်နိုင်ငံ၏ရေထွက်ပစ္စည်းထုတ်လုပ်မှု၏ သုံးပုံတစ်ပုံနီးပါးကို ကိုယ်စားပြုလျက်ရှိသည့် တရုတ်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံမှ ရေထွက်ကုန်များအားလုံးကို တင်သွင်းမှုပိတ်ပင်ခဲ့ခြင်းကြောင့် ဂျပန်နိုင်ငံ၏ရေလုပ်ငန်းကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခဲ့သော်လည်း ရုရှားနိုင်ငံမှ ဂျပန်နိုင်ငံ၏ ရေထွက်ကုန်များတင်ပို့မှုကို ကန့်သတ်ခဲ့ခြင်းကြောင့် ဂျပန် နိုင်ငံ၏ရေလုပ်ငန်းကဏ္ဍတွင် များစွာဆိုးကျိုးသက်ရောက်နိုင်မည်မဟုတ်ကြောင်း သုံးသပ်ရသည်။

Source:  The Japan Times (၁၆-၁၀-၂၀၂၃) , (သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)

Source:https://myantrade.gov.mm/article/STP(Ygn)_20102023_11:37

## ပြည်တွင်းကုန်သွယ်မှုသတင်း

### မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် မြန်မာ့ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု၊ ဈေးကွက်မြှင့်တင်မှုနှင့် စပ်လျဉ်းသည့် နည်းပညာပေးသင်တန်းဖွင့်ပွဲကျင်းပ

လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁)ဖြင့် “ရော်ဘာအရည်အသွေးမြှင့်တင်ခြင်း နှင့် ရော်ဘာလုပ်ငန်းများအတွက် ဈေးကွက်သုတေသနပြုလုပ်ခြင်းစီမံကိန်း”ကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ “မြန်မာ့ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု၊ ဈေးကွက်မြှင့်တင်မှုတို့နှင့် စပ်လျဉ်းသည့် နည်းပညာပေးသင်တန်း” ဖွင့်ပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့ နံနက် ၉:၀၀ နာရီ အချိန်၌ မော်လမြိုင်မြို့ ဇမ္ဗူကျော်ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းနှင့်တာဝန်ရှိသူများ၊ မော်လမြိုင်မြို့ရှိဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မွန်ပြည်နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းနှင့်တာဝန်ရှိသူများ၊ သင်တန်းဆရာများနှင့် သင်တန်းသားများ စုစုပေါင်း(၇၀) ဦးခန့်တက်ရောက်ခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းတို့က အဖွင့်အမှာစကား အသီးသီးပြောကြားခဲ့သည်။

သင်တန်းအစီအစဉ်ကို နံနက် (၁၀:၀၀) နာရီအချိန်တွင် စတင်ဆောင်ရွက်ခဲ့ရာ သင်တန်းတွင် မြန်မာ့ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု၊ ပြည်ပတင်ပို့မှုနှင့် ရေရှည်တည်တံ့သောသဘာဝရော်ဘာဖွံ့ဖြိုးတိုးတက်ရေး၊ ရော်ဘာအရည်အသွေးတိုးတက်မြင့်မားရေး၊ ဈေးကွက်နှင့်ဈေးနှုန်းပိုမိုရရှိနိုင်ရေး၊ မြန်မာ့သဘာဝရော်ဘာ ရေရှည်တည်တံ့မှုဖော်ဆောင်ရေးလုပ်ငန်းစဉ်များ၊ ရော်ဘာအရည်အသွေးမြှင့်တင်ရေး၊ ဒေသတွင်းရော်ဘာစိုက်ပျိုး ထုတ်လုပ်ရောင်းချမှုနှင့် အရည်အသွေးအခြေအနေများကို စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ရော်ဘာ အသင်းအဖွဲ့များမှ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးပို့ချခဲ့သည်။

သင်တန်းဒုတိယနေ့အစီအစဉ်ကို အောက်တိုဘာလ ၁၇ ရက်နေ့တွင် မော်လမြိုင်မြို့နှင့် မုဒုံမြို့နယ်တို့ရှိ ရော်ဘာစိုက်ပျိုးထုတ်လုပ်သည့် ရော်ဘာစိုက်ခင်းများ၊ ခေတ်မီရော်ဘာထုတ်လုပ်ရေး စက်ရုံ/ အလုပ်ရုံများသို့ လက်တွေ့ကွင်းဆင်းလေ့လာရေး သွားရောက်မည်ဖြစ်ကြောင်း သိရှိရသည်။

Source:https://myantrade.gov.mm/event/Naypyitawstp_161020231115

### ဈေးနှုန်းမြင့်၊ ဈေးကွက်ကောင်းနိုင်တဲ့ ထောပတ်သီးဈေးကွက်

ယခုနှစ် ထောပတ်သီးရာသီအစတွင် ထောပတ်သီးဈေးကွက်မှာ ယခင်နှစ်ရာသီထက်ဈေးနှုန်းမြင့်တက်နေပြီး၊ ဈေးကွက်ကောင်းနိုင်ကြောင်း မြန်မာနိုင်ငံထောပတ်သီး တင်ပို့ရောင်းချသူများအသင်းမှ သိရှိရပါတယ်၊ လက်ရှိဈေးကွက်အစမှာ တစ်ကီလိုလျှင် ကြမ်းခင်းဈေး ၃၅၀၀ ကျပ်ရှိပြီး၊ ယခင်နှစ်ကတစ်ကီလို ၂၅၀၀ ကျပ်သာရှိခဲ့တာကြောင့်၊ ယခင်နှစ်ထောပတ်သီးရာသီအစနဲ့ နှိုင်းယှဉ်ပါက ဈေးနှုန်းမြင့်တက်လာကြောင်းသိရပါတယ်။ ရာသီအစတွင် ကြမ်းခင်းဈေးကတစ်ကီလို ၃၅၀၀ ကျပ် ရှိနေတာကြောင့် နောက်ပိုင်းမှာ ကြမ်းခင်းဈေးထက်မနည်းနိုင်ကြောင်း ပစ္စည်းကောင်းပါက ၆၀၀၀ကျပ် ၇၀၀၀ ကျပ် ဈေးထိဖြစ်သွားနိုင်တယ်လို့လည်းသိရပါတယ်၊ Hass အသီးတွေကတော့ အချို့နေရာများမှာသာ စတင်ဆွတ်ခူးနေကြပြီး၊ အတော်များများကတော့ မခူးနိုင်ကြသေးဘူးလို့လည်း သိရပါတယ်၊ ကမ်းလှမ်းချက်တွေ အတော်များများရှိနေတာကြောင့် ဝယ်လိုအားကတော့ များနိုင်တယ်လို့လည်း သုံးသပ်ကြကြောင်း သိရပါတယ်။

လက်ရှိ ပြည်ပနိုင်ငံတင်ပို့နိုင်မည့် Hass အမျိုးအစားမှာရင့်မှည့်ရန်လိုအပ်သေးကြောင်း၊ အောက်တိုဘာလကုန်မှသာ ဈေးကွက်သို့ ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ် ထောပတ်သီးရာသီတွင် ထိုင်းနိုင်ငံမှ ကမ်းလှမ်းထားသည့်အတွက်

ထိုင်းနိုင်ငံသို့ အဓိကထားတင်ပို့သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်ထောပတ်သီး ဈေးကွက်ရေရှည်ခိုင်မြဲရန်၊ ထောပတ်သီးများကို ပြည်ပဈေးကွက်အပြင် ပြည်တွင်းဈေးကွက်တွင်းပါ ဈေးကွက်ရရှိရေးအတွက် ပြည်တွင်း၌ တွင်ကျယ်ရန် ဖြန့်ဖြူးခြင်းနှင့် ပရိုမိုးရှင်းများလည်း ဆောင်ရွက်နေကြောင်း သိရှိရပါတယ်၊ ထောပတ်သီးကို ဖျော်ရည်လုပ်သောက်တတ်ခြင်းအပြင် အခြားနည်းလမ်းများဖြင့် စားသုံးခြင်း၊ အသုံးပြုခြင်းများပြုလုပ်တတ်ဖို့အတွက် အလေးပေးဆောင်ရွက်သင့်ပါတယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်၊ ဟဲဟိုးမြို့ သီခေါင်ကျေးရွာအုပ်စု၊ တောင်မြေခြားကျေးရွာမှာလည်း ထောပတ်သီး အဆီကြိတ်တဲ့ စက်ရုံတစ်ရုံ တည်ထောင်ထားတယ်လို့သိရပါတယ်၊ ယင်းစက်ရုံမှာလည်း ပြည်တွင်းဈေးကွက်အတွက် တွင်ကျယ်စေနိုင်မယ်လို့လည်း ခန့်မှန်းသုံးသပ်ရပါတယ်။

ထောပတ်သီးများကို မရင့်သေးဘဲ ခူးဆွတ်၍ ရောင်းမည်ဆိုပါက ဈေးကွက်နာမည်ပျက်သွားသည့်အတွက် ရင့်မှည့်ပြီးမှ ခူးဆွတ်ရောင်းချသင့်ကြောင်းကိုလည်း ထောပတ်စိုက်တောင်သူများ အားအသိပညာပေးရန် လိုအပ်ပါတယ်၊ လက်ရှိအိမ်နီးချင်း ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံကိုလည်း တရားဝင်တင်ပို့ ကုန်သွယ်ခွင့်ရောင်းချခွင့်ရရှိရေးကို အစိုးရချင်း လျှောက်ထားခြင်းကိုလည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိတယ်လို့လည်းသိရပါတယ်၊ ယခုနှစ်မှာ မိုးအရမ်းများခဲ့တာကြောင့် ထောပတ်သီးအထွက်နှုန်းများ နိုင်မည်ဖြစ်ကြောင်း သိရပါတယ်၊ အောက်တိုဘာလတွင် အသီးများ စတင်ထွက်ရှိပြီး၊ ထောပတ်သီးမှာနှစ်ရှည်သီးနှံ ဖြစ်ကာ၊ စတင်စိုက်ပျိုးပြီး(၃) နှစ်နေမှ စတင်အသီးသီးပါတယ်၊ ထောပတ်သီးကို ရှမ်းပြည်နယ် (တောင်ပိုင်း/မြောက်ပိုင်း)နှင့်မန္တလေးတိုင်းဒေသကြီး(ပြင်ဦးလွင်)တို့မှာအများဆုံးစိုက်ပျိုးကြကြောင်းသိရသည်။

Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_23102023_146

## ပြည်ပကုန်သွယ်မှုသတင်း

### ပြည်ပသို့ ဆန်တင်ပို့မှုလျော့ကျနေသော်လည်း G to G အစီအစဉ်များအပြင် တရုတ်၊ အီးယူဈေးကွက်နှင့် အာဆီယံနိုင်ငံများကပါ မြန်မာ့ဆန်ဝယ်ယူမှု တိုးမြှင့်လာကြောင်းသိရ

လက်ရှိဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ မြန်မာ့ဆန်တင်ပို့မှုမှာ ယခင်နှစ်ထက် လျော့ကျနေသော်လည်း လက်ရှိအချိန်တွင် G to G အစီအစဉ်များအပြင် တရုတ်၊ အီးယူဈေးကွက်နှင့် အာဆီယံနိုင်ငံများကပါ မြန်မာ့ဆန်ဝယ်ယူမှု တိုးမြှင့်လာကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

“ဆန်ပြည်ပတင်ပို့မှုနဲ့ပတ်သက်လို့ဆိုရင် ကျွန်တော်တို့ တတ်နိုင်သမျှ G to G အစီအစဉ်တွေရှိတယ်။ အခုဆိုရင် အများဆုံးဝယ်နေတာက တရုတ်နိုင်ငံနဲ့ ဥရောပဈေးကွက်ပေါ့နော်။ အခုဆို အိမ်နီးချင်းအာဆီယံ နိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်ဒီနိုင်ငံတွေကလည်း တိုးမြှင့်ပြီးဝယ် လာတာတွေ့ရပါတယ်”ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောကြားသည်။

“တန်ချိန် နှစ်သန်းဝန်းကျင်ပို့မယ်မှန်းပါတယ်။ ဒါပေမဲ့ မနှစ်ကနဲ့စာရင် နည်းနေသေးတယ်။ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ မှာ တင်ပို့နိုင်တဲ့အနေအထားပေါ့၊ အောက်တိုဘာကနေ မတ်လအထိ ခြောက်လကတော့ ပို့ကုန်ရာသီပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့လဆို ဆန်ပြည်ပတင်ပို့မှုက ဒေါ်လာသန်း ၄၀ ကျော် ဝင်ငွေရပါတယ်”ဟု ဦးရဲမင်းအောင်က ပြောကြားသည်။

၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ပြည်ပသို့ ဆန်တန်ချိန် ၄၉၂၆၀ ကျော်တင်ပို့ခဲ့ပြီး အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၁၀၁၉၀ ကျော်ဖြင့် အများဆုံးတင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ ဒေါ်လာ ၂၇ ဒသမ ၀၅၂ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၄၉၂၆၀ကျော် တင်ပို့ကြောင်းသိရသည်။ ဆန်တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၃၃၄၉၀ ကျော်၊ အီးယူအဖွဲ့ဝင်နိုင်ငံများသို့ဆန်တန်ချိန် ၁၀၁၉၀ ကျော်နှင့် အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် ၅၅၇၀ ကျော် တင်ပို့ခဲ့သည်။

အာရှနိုင်ငံများတွင် ဆန်တင်ပို့သော နိုင်ငံများမှာ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၁၇၇၀ ကျော်၊ မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၁၃၉၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၉၅၆၀ ကျော်၊ စင်ကာပူနိုင်ငံသို့ ဆန် ၄၀၆ တန်ကျော်၊ ဟောင်ကောင်သို့ ဆန် ၂၃၀ ကျော်နှင့် ထိုင်ဝမ်သို့ တန် ၁၀၀ ကျော် တင်ပို့ခဲ့သည်။

အီးယူအဖွဲ့ဝင်နိုင်ငံများအနက် ဆန်တင်ပို့သော နိုင်ငံများမှာ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၃၁၂၀ တန်ကျော်၊ စလိုဗီးနားနိုင်ငံသို့ ဆန်တန်ချိန် ၁၅၂၀၊ ချက်နိုင်ငံသို့ ဆန်တန်ချိန် ၁၀၅၀ ကျော်၊ အီတလီနိုင်ငံသို့ ဆန်တန်ချိန် ၇၅၀ ကျော်၊ လစ်သူရေးနီးယားနိုင်ငံ၊ ခရိုအေးရှားနိုင်ငံ၊ဘယ်လ်ဂျီယံနိုင်ငံနှင့် ဟန်ဂေရီနိုင်ငံတို့သို့ ဆန်တန်ချိန် ၅၀၀ စီ၊ လက်ဘနွန်နိုင်ငံသို့ ဆန်တန်ချိန် ၃၂၀ ကျော်၊ ဘူလ်ဂေးရီးယားနိုင်ငံသို့ ဆန်တန် ချိန် ၃၃၀ ကျော်၊ နယ်သာလန်နိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၊ ဂရိနိုင်ငံသို့

ဆန်တန်ချိန် ၂၅၀၊ပေါ်တူဂီနိုင်ငံသို့ ဆန်တန်ချိန် ၁၅၀၊ ဂျာမနီနိုင်ငံသို့ ဆန်တန်ချိန် ၁၃၀၊ လစ်ဗျားနိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၊ ရိုမေးနီးယားနိုင်ငံသို့ ဆန် ၁၀၄ တန်၊ ပြင်သစ်နိုင်ငံနှင့် စပိန်နိုင်ငံသို့ ဆန်တန်ချိန် အနည်းငယ်တင်ပို့ခဲ့သည်။ မိုဇမ်ဘစ်နိုင်ငံသို့ဆန်တန်ချိန် ၃၆၄၀၊ နယူးဇီလန်နိုင်ငံသို့ ဆန်တန်ချိန် ၅၀၀၊ ဘီနင်နိုင်ငံသို့ ဆန်တန်ချိန် ၁၅၇ကျော်၊ တိုဂိုနိုင်ငံသို့ ဆန်တန်ချိန် ၁၅၇ ကျော်နှင့် အိုင်ဗရီကို့စ် နိုင်ငံသို့ ဆန်တန်ချိန် ၁၁၁၈ တန်တင်ပို့ခဲ့သည်။

စက်တင်ဘာလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ ဆန် ၃၄၇၅ တန်ကျော်တင်ပို့ပြီး တန်ဖိုးဒေါ်လာ ၁ ဒသမ ၅၅၂ သန်းရရှိသည်။ နည်းလမ်းနှစ်သွယ်မှ ဆန်တင်ချိန် ၅၂၇၃၀ ကျော် တင်ပို့နိုင်ပြီး တန်ဖိုးဒေါ်လာ ၂၈ ဒသမ ၆၀၄ သန်း ကျော်ရရှိခဲ့သည်။ ယခင်လဆန်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဆန်တန်ချိန် ၂၀၀၀၀ ကျော်ပိုမို တင်ပို့ခဲ့သည်။

စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ ဒေါ်လာ ၁၃ ဒသမ ၁၉၄ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၂၉၅၅၀ ကျော်တင်ပို့ခဲ့သည်။ ဆန်ကွဲတင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၁၅၀၅၀ ကျော်နှင့် အီးယူအဖွဲ့ဝင် နိုင်ငံများသို့ဆန်ကွဲတန်ချိန် ၁၄၅၀၀ ကျော် တင်ပို့ခဲ့သည်။ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုမှ ဆန်ကွဲတန်ချိန် ၃၇၃၀ ကျော် တင်ပို့ပြီး တန်ဖိုးဒေါ်လာ ၁ ဒသမ ၅၂၂ သန်း ရရှိခဲ့သည်။

စက်တင်ဘာလအတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှု စုစုပေါင်းတန်ချိန် ၈၆၀၁၀ ကျော် တင်ပို့နိုင်ပြီး တန်ဖိုးဒေါ်လာ ၄၃ ဒသမ ၃၂၀ သန်းကျော်ရရှိခဲ့သည်။ Source: https://news-eleven.com/article/283092

## ပြည်တွင်းဆန်ဈေး မြင့်တက်မှုကြောင့် ဆန်တင်ပို့မှုလျော့နည်းခြင်းဖြစ်ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ပြောကြား

လက်ရှိဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဆန်တင်ပို့မှုသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက တန်ချိန်ငါးသိန်းခန့် လျော့ကျနေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က အောက်တိုဘာ ၁၂ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ “ဆန်တင်ပို့မှုက ငါးသိန်းလောက် လျော့နေတယ်”ဟု ဦးရဲမင်းအောင်က ပြောကြားခဲ့သည်။ ယင်းသို့ ပြည်ပဆန်တင်ပို့မှုလျော့နည်းခြင်းသည် ပြည်တွင်းဆန်ဈေး မြင့်တက်မှုကြောင့်ဖြစ်ကြောင်း ၎င်းက ဆိုသည်။ လက်ရှိတွင် မြန်မာနိုင်ငံမှဆန်ကို တရုတ်နှင့် အီးယူဈေးကွက်မှ အများဆုံးဝယ်ယူနေကြောင်းလည်း သိရသည်။ “ဒီနှစ်မှာ ဆန်တန်ချိန်နှစ်သန်းတင်ပို့နိုင်မယ်လို့ ခန့်မှန်းထားပါတယ်”ဟု ဦးရဲမင်းအောင်က ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ပြည်ပသို့ ဆန်တန်ချိန် ၄၉၂၆၀ ကျော်တင်ပို့ခဲ့ပြီး အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၁၀၁၉၀ ကျော်ဖြင့် အများဆုံးတင်ပို့ခဲ့ကြောင်း သိရသည်။ စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်အတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ ဒေါ်လာ ၂၇ ဒသမ ၀၅၂ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၄၉၂၆၀ ကျော် တင်ပို့ကြောင်း သိရသည်။

ဆန်တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများ သို့ ဆန်တန်ချိန် ၃၃၄၉၀ ကျော်၊ အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၁၀၁၉၀ ကျော် နှင့် အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် ၅၅၇၀ ကျော် တင်ပို့ခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ အာရှနိုင်ငံများတွင် ဆန်တင်ပို့သောနိုင်ငံများမှာ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၁၇၇၀ကျော်၊ မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၁၃၉၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၉၅၆၀ ကျော်၊ စင်ကာပူနိုင်ငံသို့ ဆန်၄၀၆ တန်ကျော်၊ ဟောင်ကောင်သို့ ဆန် ၂၃၀ တန်ကျော်နှင့် ထိုင်ဝမ်သို့ ဆန်တန်ချိန် ၁၀၀ ကျော် တင်ပို့ခဲ့သည်။ Source: https://news-eleven.com

Source:https://myantrade.gov.mm/article/naypyitaw_13102023_955

# အထူးဆောင်းပါးများ

## အယ်နီညို ရာသီဥတု၊ သဘာဝဘေးစိန်ခေါ်မှုများနှင့် မြန်မာ့ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု

၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့ဆန်စပါး ကုန်သွယ်မှုသည် ယခင်နှစ်ထက် မက်ထရစ် တန်ချိန် သုည ဒသမ ၂ သန်း လျော့နည်းပြီး မက်ထရစ်တန်ချိန် ၅၄ ဒသမ ၂ သန်းဖြစ်ခဲ့သည်။

ယခုနှစ်အတွင်း အာဂျင်တီးနား၊ ဘရာဇီး၊ ကမ္ဘောဒီးယား၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ လာအို၊ မလေးရှား၊ ပါကစ္စတန်၊ ပါရာဂွေး၊ ရုရှား၊ တန်ဇန်နီးယား၊ အမေရိကန်၊ ဥရုဂွေးနှင့် ဗီယက်နမ်နိုင်ငံတို့၏ ဆန်စပါးတင်ပို့မှု ကျဆင်းနိုင်သော်လည်း ဩစတြေးလျ၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့မှာ ဆန်စပါးပိုမိုတင်ပို့နိုင်ကြောင်း ခန့်မှန်းထားကြသည်။

၂၀၂၂ ခုနှစ်အတွင်း တရုတ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စပါးစိုက်ဧက အများအပြား ရေမြုပ်ပျက်စီးခဲ့သဖြင့် ဆန်စပါးထုတ်လုပ်မှုနည်းပါးခြင်း၊ ပါကစ္စတန်နိုင်ငံတွင်လည်း စပါးခင်းများ ပြင်းပြင်းထန်ထန် ရေနစ်မြုပ်ဒဏ်ခံစားခဲ့ရသည့်အတွက် ယခင်နှစ်များထက် ဆန်စပါးထုတ်လုပ်မှု ၃၁ ရာခိုင်နှုန်းအထိ လျော့ကျသွားခြင်း၊ ၂၀၂၂ ခုနှစ် စက်တင်ဘာတွင် အိန္ဒိယနိုင်ငံသည် ဆန်ကွဲတင်ပို့မှုကို ပိတ်ပင်ခဲ့ခြင်း၊ ရုရှားနှင့် ယူကရိန်းအရေးအခင်းများအတွင်း ဂျုံ နှင့် ပြောင်းတို့အစား

ဆန်စပါးသည် အစားထိုးကုန်စည်ဖြစ်လာခြင်းအရ လိုအပ်ချက်ပိုမိုမြင့်မားလာခြင်း စသည့်အချက်များကြောင့် ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့ဆန်စပါးဈေးကွက်တွင် ရောင်းလိုအား၊ ဝယ်လိုအား မမျှတသည့်အခြေအနေနှင့် ရင်ဆိုင်နိုင်ကြောင်း၊ ထို့ကြောင့် ဆန်စပါးကို အဓိကထုတ်လုပ်သော မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းဆန် ဖူလုံရေးကို မထိခိုက်ပါက အဆိုပါအခွင့်အရေးများကို အသုံးချပြီး ပြည်ပဈေးကွက်သို့ ဆန်ပိုမိုတင်ပို့နိုင်ရေးအလေးထားဆောင် ရွက်ရမည့်ကာလတစ်ခုဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် နွေစပါး၊ မိုးစပါးဟူ၍ ရာသီနှစ်ရာသီဖြင့် စိုက်ပျိုးကြပြီး မိုးစပါးစိုက်ပျိုးမှု ပိုမိုများပြား သည်။ ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအခြေအနေများအရ နှစ်စဉ် မိုးစပါးစိုက်ဧရိယာနှင့် ရိတ်သိမ်းဧရိယာသည် နွေစပါးစိုက်ဧရိယာနှင့် ရိတ်သိမ်းဧရိယာထက် ပိုမိုများပြားနေသော်လည်း မိုးစပါးထက် နွေစပါးမှာ အထွက်နှုန်း ပိုမိုမြင့်မားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မိုးစပါးကို မေလမှ အောက်တိုဘာလအတွင်း စိုက်ပျိုးကြပြီး နွေစပါးကိုမူ နိုဝင်ဘာလမှ ဧပြီလအတွင်း စိုက်ပျိုးလေ့ရှိသည်။ နွေစပါးသည် သွင်းရေတစ်မျိုးမျိုးရရှိမှသာ စိုက်ပျိုးဖြစ်ထွန်း၍ အမြင့်ဆုံး အထွက်နှုန်းကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ မိုးစပါးသည် မိုးရေကို အဓိကအားထား၍ စိုက်ပျိုးရသဖြင့် ဒေသအနှံ့အပြားတွင် စိုက်ပျိုးနိုင်သော်လည်း မရိတ်သိမ်းမီကာလအတွင်း မိုးများခြင်း၊ ရေကြီးခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရပါက ရိတ်သိမ်းနိုင်ခြင်းမရှိတော့ဘဲ ထိခိုက်ပျက်စီးခြင်းများ ကြုံတွေ့နိုင်သည်။

စပါးစိုက်ပျိုးမှု အများဆုံးဒေသတွင် ပါဝင်သော ပဲခူးတိုင်းဒေသကြီးအတွင်း အောက်တိုဘာ ပထမပတ်အတွင်းက မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ကာ စပါးစိုက်ခင်းများ ရေနစ်မြုပ်ခဲ့သည်။

ပဲခူးတိုင်းအစိုးရအဖွဲ့၏ ထုတ်ပြန်ချက်အရ ပဲခူးတိုင်းအတွင်း လယ်ဧက ရှစ်သောင်းကျော် ရေကြီးနစ်မြုပ်ခဲ့ပြီး ဧက သုံးသောင်း ကျော်ထိခိုက်ကာ ဧကလေးထောင်ကျော် ပျက်စီးခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးတွင် အောက်တိုဘာလ ပထမပတ်မှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ပဲခူးမြို့နယ်တွင် ကာလတူနှိုင်းယှဉ်ချက်အရ မိုးရေချိန် ၃၈ လက်မ ပိုမိုရွာသွန်းခဲ့ပြီး အောက်တိုဘာ ၁၇ ရက်အထိ မိုးစပါး ၈၇၀၁၂ ဧက ရေကြီးနစ်မြုပ်ကာ ပြန်ပေါ်ဧက ၇၇၈၅၄ ဧက အနက် ၃၆၂၅၉ ဧက ထိခိုက်ခဲ့ပြီး ၄၇၁၆ ဧက ပျက်စီးခဲ့သည်။

ထိခိုက်ပျက်စီးခဲ့သည့် လယ်ဧကများကို ပျက်စီးမှုလျော့နည်းစေရေး ရိတ်သိမ်းခြွေလှေ့ စက်များဖြင့် မိုးစပါးရိတ်သိမ်းခဲ့ကြောင်း သိရသည်။

၂၀၂၁–၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ မိုးစပါးစိုက်ဧက ၁၅ ဒသမ ၀၁ သန်း၊ နွေစပါး စိုက်ဧက ၂ ဒသမ ၄၂ သန်း၊ စုစုပေါင်းစိုက်ဧက ၁၇ ဒသမ ၄၃ သန်းရှိပြီး မိုးစပါးရိတ်သိမ်း ဧက ၁၄ ဒသမ ၉၈ သန်း၊ နွေစပါးရိတ်သိမ်း ဧက ၂ ဒသမ ၄၂ သန်း၊ စုစုပေါင်းရိတ်သိမ်း ဧက ၁၇ ဒသမ ၄ သန်း အသီးသီးရှိခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံ၏ စပါးစိုက်ပျိုးမှုအများဆုံး ဒေသများမှာ ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်း၊ ရန်ကုန်နှင့်ရခိုင်တို့ဖြစ်ပြီး ၂၀၂၁ ခုနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီးတွင် ဆန်စပါးရိတ်သိမ်းဧက ၅ ဒသမ ၁ သန်းမှ စပါးတင်း ၃၉၇ ဒသမ ၈ သန်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဆန် စပါးရိတ်သိမ်းဧက သုံးသန်းမှ စပါးတင်း ၂၃၈ ဒသမ ၃ သန်း၊ စစ်ကိုင်းတိုင်းဒေသကြီး တွင် ဆန်စပါးရိတ်သိမ်းဧက နှစ်သန်းမှ စပါးတင်း ၁၆၆ ဒသမ ၄ သန်း၊ ရန်ကုန်တိုင်းဒေသ ကြီးတွင် ဆန်စပါးရိတ်သိမ်းဧက ၁ ဒသမ၄ သန်းမှ စပါးတင်း ၉၆ ဒသမ ၁ သန်း၊ ရခိုင် ပြည်နယ်တွင် ဆန်စပါးရိတ်သိမ်းဧက တစ်သိန်းမှ စပါးတင်း ၆၂ ဒသမ ၃ သန်းအသီးသီး စိုက်ပျိုး ထုတ်လုပ် နိုင်ခဲ့ကြောင်း သိရသည်။

စပါးစိုက်ပျိုးထုတ်လုပ်မှုသည် မိုးရေကောင်းစွာရရှိသော မြန်မာနိုင်ငံအောက်ပိုင်းဒေသ၌ အများဆုံးစိုက်ပျိုးဖြစ်ထွန်းကြောင်းတွေ့ရှိရပြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးထွက် ကုန်များအနေဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံပို လျှံခဲ့ပြီးဆန်ဖူလုံမှု ၁၅၄ ဒသမ ၃၃ ရာခိုင်နှုန်း၊ ပဲမျိုးစုံဖူလုံမှု ၅၁၂ ရာခိုင်နှုန်းအထိ ရရှိခဲ့သဖြင့် လယ်ယာထွက်ကုန်တင်ပို့မှုများသည် နိုင်ငံ၏စုစုပေါင်းတင်ပို့မှုတန်ဖိုး၏ ၂၈ ဒသမ ၈ ရာခိုင်နှုန်းအထိ ကိုယ်စားပြုနိုင်ခဲ့သည်။ အဆိုပါထုတ်လုပ်မှုသည် ဒေသတွင်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံမှုကို ပံ့ပိုးပေးနိုင်ခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အောက်တိုဘာ ၁၆ ရက်တွင် ကျင်းပ သည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့စား နပ်ရိက္ခာနေ့အခမ်းအနားတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အယ်လ်နီညိုဖြစ် စဉ်ကြောင့် အပူလွန်ကဲခြင်း၊ မြေပေါ်ရေကန်များ ဆောလျင်စွာ ခန်းခြောက်ခြင်း၊ မြေအောက်ရေများရေမျက်နှာပြင် နိမ့်ကျခြင်းများ ဖြစ်ပေါ်လာနိုင်ပြီး စိုက်ပျိုးရေးနှင့်သောက်သုံးရေ အခက်အခဲများ ဖြစ်ပေါ်လာ

နိုင်သဖြင့် စိုက်ပျိုးထုတ်လုပ်မှုများတွင် ထိခိုက်ဆုံးရှုံးမှု မဖြစ်စေရေးနှင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ကန်နှင့်ရေတံခါးတို့မှ သိုလှောင်ရေအခြေအနေအပေါ်မူတည်၍ နွေစပါးစိုက်ပျိုးရေပေးဝေခြင်းနှင့် ဒေသတွင်း သောက်သုံးရေပေးဝေခြင်းများကို ကြိုတင်ချိန်ဆ ပြင်ဆင်ထားရှိကြောင်း ၎င်းကဆိုသည်။

၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်းအထိရှိနေနိုင်သည့် အယ်လ်နီညိုသက်ရောက်မှုအတွက် ဒေသတွင်းနိုင်ငံများနည်းတူ မြန်မာနိုင်ငံအတွက်အကျိုးရှိနိုင်မည့် စီမံဆောင်ရွက်ချက်များကို ဆက်စပ်ဌာနဆိုင်ရာများ၊ ပြည်သူများ၊ တောင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ပြည်ထောင်စုဝန်ကြီးဦးမင်းနောင်က ပြောသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာကဏ္ဍတွင် ကမ္ဘာ့ဘဏ်၏စစ်တမ်းအရ စိုက်ပျိုးရေးသည် မြန်မာ့စီးပွားရေး၊ သက်မွေးဝမ်းကျောင်းနှင့် လူမှုဘဝတည်ငြိမ်မှုအတွက် အရေးပါသော ကဏ္ဍတစ်ခုအဖြစ် ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်မတိုင်ခင်က စိုက်ပျိုးရေးသည် နိုင်ငံ၏စုစုပေါင်း ထုတ်ကုန်ပမာဏ GDP နှင့် ကုန်သွယ်ပို့ကုန်ပမာဏ၏ ရာခိုင်နှုန်း ၃၀ နီးပါးရှိခဲ့ကြောင်း ဖော်ပြထားသည်။ စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံရှိလုပ်သားဦးရေ၏ ရာခိုင်နှုန်း ၅၀ ခန့်ကို အလုပ်အကိုင်ပေးထားသကဲ့သို့ ကျေးလက်လူဦးရေ၏ ရာခိုင်နှုန်း ၇၀ ခန့် မှီခိုအားထားရာ အဓိကအလုပ်အကိုင်ကဏ္ဍကြီးဖြစ်သည်။ စိုက်ပျိုးရေး၏ ရှေ့ပြေးနှင့် နောက်ခံချိတ်ဆက်နေမှုများကို ထည့်သွင်းလိုက်ပါက စိုက်ပျိုးစားနပ်ရိက္ခာစနစ်သည် စုစုပေါင်း GDP ၏ ၄၂ ရာခိုင်နှုန်းနှင့် စုစုပေါင်းအလုပ်အကိုင်အရေအတွက်၏ ၅၈ ရာခိုင်နှုန်း ပါဝင်နေသည်။

အဆက်မပြတ်ရင်ဆိုင်ကြုံတွေ့လာရသည့် အကျပ်အတည်းများကြောင့် စိုက်ပျိုးရိက္ခာထွက်ကုန်ကဏ္ဍ အထူးသဖြင့် ကျေးလက်ဒေသနေ နွမ်းပါးသော ပြည်သူများပြင်းထန်စွာ ထိခိုက်ခဲ့ကြောင်း ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

တစ်ဘက်တွင်လျော့နည်းလာသည့် ဝင်ငွေနှင့်မြင့်တက်လာသည့် ကုန်ဈေးနှုန်းများကြောင့် စားနပ်ရိက္ခာဈေးနှုန်းများနှင့် ဝယ်ယူစားသောက်နိုင်စွမ်းကို များစွာထိခိုက်စေသည်။ အခြားတစ်ဘက်တွင် မြင့်တက်လာသည့် သွင်းကုန်ဈေးနှုန်းများ၊ အထူးသဖြင့် ဓာတ်မြေဩဇာနှင့် လောင်စာဆီဈေးနှုန်းများက စိုက်ပျိုးကုန်ထုတ်နိုင်မှုအပေါ် ထိခိုက်စေခြင်း၊ လယ်သမားများစွာက အရေးကြီးသည့် သွင်းအားစုများ လျှော့ချသုံးစွဲလာရခြင်း၊ အချို့သော အခြေအနေများတွင် စိုက်ပျိုးပမာဏ လျှော့ချခြင်းတို့ တွေ့ရှိရကြောင်းလည်း ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

Source: https://news-eleven.com/article/255560

## မြန်မာ့ပြောင်းဈေးကွက်များနှင့် ပြည်ပကုန်သွယ်မှုအခြေအနေ

ပြောင်းသည် လယ်ယာထွက်ကုန်များထဲတွင် ဆန်စပါးပြီးလျှင် အဓိကအရေးပါသော သီးနှံတစ်မျိုးဖြစ်သည်။ စားသုံးခြင်းမှ ကုန်ထုတ်လုပ်ခြင်းအထိ အစာကွင်းဆက်များ၌ ပြောင်းသီးနှံသည် အရေးပါသည်။ ပြောင်းဖူးကို လူများစု ကြိုက်နှစ်သက်ကြသည်။ပြောင်းကို တိရစ္ဆာန်အစာ၊ အစားအသောက်ထုတ်ကုန်များနှင့် ဇီဝလောင်စာထုတ်လုပ်မှုတို့တွင် ပုံစံအမျိုးမျိုးဖြင့် အသုံးပြုကြသည်။ ယခုနှစ် မိုးသီးနှံများကို ပြောင်းစိုက်တောင်သူများ စိုက်ပျိုးပြီးနေပြီဖြစ်သည်။ အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် တောင်သူများ၏ စိုက်ခင်းများတွင် အသီးသီးရိတ်သိမ်းကြမည်ဖြစ်သည်။ ယခုအချိန်ကတည်းက ရောင်းချမှုများလည်းရှိနေသည်။

မည်သို့ပင်ဖြစ်စေ ပြောင်းစိုက်တောင်သူများ၏ မျှော်လင့်ချက်သည် အထွက်နှုန်းတိုးခြင်းနှင့် ပြောင်းဆန်ဈေးကွက်ကောင်းဖို့ဖြစ်သည်။ပို့ကုန်လုပ်ငန်းရှင်များအတွက် ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် ကုန်သွယ်ရေး လွယ်ကူမှုတို့ကို မျှော်လင့်သည်။

ပြောင်းဆန်များကို ထိုင်းနိုင်ငံသို့ တင်ပို့ရာတွင် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ (နှစ်စဉ်) အခွန်ကင်းလွတ်ခွင့်ရရှိခဲ့သည်။ စက်တင်ဘာ ၁ ရက်နေ့တွင် အခွန်ကင်းလွတ်ခွင့် ကုန်ဆုံးပြီဖြစ်၍ ထပ်မံရရှိဖို့ ဆောင်ရွက်နေသည်ဟု မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။ လက်ရှိတွင် ထိုင်းနိုင်ငံရှိ အစာစပ်စက်ရုံများမှ ၎င်းတို့၏ ပြောင်းဆန်လက်ကျန် လုံလောက်နေခြင်းနှင့် ထိုင်းနိုင်ငံမှလည်း ပြောင်းပေါ်ချိန်ရောက်ရှိနေသဖြင့် ပြောင်းဆန်လိုအပ်ချက်မရှိသေးကြောင်း တင်ပြလာသည်ဟု မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါက်တာဖြိုးကိုကိုနိုင်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားတင်ပြထားသည်။

ယခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ပြောင်းဈေးကွက်မှာ အကျဘက်တွင် ရှိနေသည်။ ပြောင်းဆန်ဈေးကွက်ကျနေသည့်အတွက် ပြောင်းစိုက်တောင်သူများ ဈေးကောင်းမရရှိဘဲ အခက်အခဲများ ဖြစ်ပေါ်နေသည့်အချိန်ဖြစ်သည်။ ပြောင်းစိုက်ပျိုးတောင်သူများတွင် သွင်းအားစုများ အမြင့်ဈေးဖြင့် စိုက်ပျိုးထားကြရပြီး ကုန်ကျစရိတ် ယခင်ထက်ပိုမြင့်ခြင်းတို့နှင့် ကြုံတွေ့နေရသည်ဟု ပြောင်းစိုက်တောင်သူများကပြောသည်။ ပို့ကုန်လုပ်ငန်းရှင်များမှာတော့ ပို့ကုန်မူဝါဒ၊ ဒေါ်လာဈေး

မြင့်တက်မှုနှင့် သယ်ယူပို့ဆောင်စရိတ် မြင့်တက်မှုများကြောင့်လည်း ပြောင်းဆန်တင်ပို့ရာတွင် အခက်အခဲများရှိသည်ဟု ပို့ကုန်လုပ်ငန်းရှင်များက ပြောသည်။

ပြည်တွင်း၌ ပြောင်းဆန်လက်ကျန် တန်ချိန်နှစ်သိန်းခန့် ကျန်ရှိနိုင်ပြီး ပြောင်းဆန်အသစ်ထွက်ရှိမည့် အချိန်ကာလလည်းနီးလာပြီဖြစ်၍ ဈေးကွက်အသစ်များ ရှာဖွေတင်ပို့နိုင်ရေး ကြိုးစားနေသည်ဟု မြန်မာနိုင်ငံ ပြောင်းဆန်လုပ်ငန်းရှင်များအသင်းမှ သိရသည်။ ယခုနှစ်ထဲတွင် ထိုင်းနိုင်ငံသို့ ပြောင်းဆန်တင်ပို့မှု ယခင်နှစ်ထက် လျော့နည်းလာသည်။ ၂၀၂၂ ခုနှစ်က ပြောင်းတန်ချိန် သုံးသောင်းကျော် လစဉ်တင်ပို့နိုင်ပြီး ၂၀၂၃ ခုနှစ်တွင် ဇန်နဝါရီနှင့် ဖေဖော်ဝါရီ နှစ်လပေါင်းမှသာ တန်ချိန် ၁ ဒသမ ၆၄ သိန်းကျော် တင်ပို့နိုင်သည်ဟု ပြောင်းစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သူများအသင်းမှ သိရသည်။ လက်ရှိတွင် တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းလမ်းကြောင်းများမှ တင်ပို့ရန် တရုတ်နိုင်ငံဘက်က ကုန်သည်များနှင့် ဆွေးနွေးညှိနှိုင်းနေသည်ဟု သိရသည်။ တရုတ်နိုင်ငံတွင် ကျင်းပမည့်ကုန်စည်ပြပွဲများ၌ ပြောင်းနှင့်ပတ်သက်၍ ကုန်သွယ်ရေး ဆွေးနွေးမှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသို မြန်မာ့ပြောင်းတင်ပို့မှုသည် နယ်စပ်ဒေသမှ ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးထားသည့် ပြောင်းဆန်များကို တင်ပို့နေခြင်းဖြစ်ပြီး တင်ပို့ခွင့်ရရှိသည့်ကာလမှာ သုံးလခန့်သာရှိသေးကြောင်းသိရသည်။ တခြားဒေသများမှ ပြောင်းဆန်များကို တင်ပို့မှုမရှိသည့်ကာလကြာပြီဖြစ်ကြောင်း ပို့ကုန်လုပ်ငန်းရှင်များကပြောသည်။ တရုတ်နိုင်ငံမှ ပြောင်းဆန်ကုန်သည်များနှင့် မြန်မာကုန်သည်များ ဈေးနှုန်းနှင့် မကိုက်ညီသေးသည့် အခြေအနေများကြောင့်ဖြစ်သည်။

တရုတ်နိုင်ငံသို့ ပြောင်းဆန်တင်ပို့ရာတွင် မြန်မာကုမ္ပဏီများဘက်မှ GACC ခွင့်ပြုချက်များ လိုအပ်ပြီး ၎င်းခွင့်ပြုချက်မရရှိသောကြောင့် ၂၀၁၉ ခုနှစ်အတွင်းက တင်ပို့ခွင့် ရပ်ဆိုင်းခဲ့ရသည်။ GACC သည် တရုတ်နိုင်ငံ၏ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ဖြစ်သည်။ GACC ၏ ခွင့်ပြုချက်ရမှသာ တရုတ်-မြန်မာ နယ်စပ်မှတရုတ်ဈေးကွက်သို့ တရားဝင်တင်ပို့ခွင့်ရရှိခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ်၊ နှစ်လယ်ပိုင်းတွင် တရုတ်နိုင်ငံဘက်မှာ မြန်မာကုမ္ပဏီများကို GACC လက်မှတ်ထုတ်ပေး၍ ပြောင်းဆန်တင်ပို့ခွင့်ပြန်လည်ရရှိခဲ့ကြောင်းသိရသည်။ ၂၀၂၃ ခုနှစ်ထဲတွင် မြန်မာ့ပြောင်းကို ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးများမှတစ်ဆင့်တင်ပို့ကြပြီး ပင်လယ်ရေကြောင်းမှ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့သည်ဟု မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်များထံမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ပြောင်းတန်ချိန် တစ်သန်းခန့် တင်ပို့နိုင်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြောင်းဆန်တန်ချိန် နှစ်သန်းကျော် တင်ပို့ရန်လျာထားသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်က တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့အပါအဝင် ပြည်ပနိုင်ငံများသို့ ပြောင်းတန်ချိန် ၂ ဒသမ ၃ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ပြည်ပမှ ပြောင်းဆန်တင်သွင်းမှု မြင့်မားပြီး ၂၀၂၃ ခုနှစ်တွင် တန်ချိန်သန်း ၂၀ ခန့်အထိ တင်သွင်းကြောင်း သိရသည်။ တရုတ်နိုင်ငံအနေဖြင့် ဘရာဇီးနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့မှ ပြောင်းကို ဝယ်ယူနေခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ဘိန်းအစားထိုးသီးနှံဖြစ်သည့် ပြောင်းဆန်များကို ချင်းရွှေဟော်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ခြင်းဖြစ်သည်။ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ တင်ပို့ရာတွင် သာမန်တင်ပို့သည့် ပြောင်းဆန်များထက် အခွန်ပေးဆောင်ရသည့်နှုန်းထား သက်သာပြီး စစ်ဆေးမှုနည်းပါးကြောင်း သိရသည်။

၂၀၂၂ ခုနှစ်ကတည်းက မြန်မာနိုင်ငံမှ ပြောင်းချဉ်ဖတ်ကို တရုတ်နိုင်ငံသို့ စမ်းသပ်တင်ပို့ရန် အပင် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက် သဘောတူစာချုပ်ကိုလည်း ချုပ်ဆိုထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။ ပြောင်းဆန်ကို ပြည်တွင်းစက်ရုံများတွင်လည်း အသုံးပြုကြသည်။ မန္တလေးမြို့နှင့် ရန်ကုန်မြို့ရှိ အစာစပ်ရုံများက ဒေသတွင်း မွေးမြူရေးလုပ်ငန်းများအတွက် ဝယ်ယူလျက်ရှိပါသည်။အစေ့ထုတ်ပြောင်းများကို မွေးမြူရေးအစာအဖြစ် ပြည်တွင်းအသုံးပြုကြသည်။

